www.burmeseclassic.com

BURMESE CLASSIC .com



# ပေါင်လှမျိုး

။ချင်းချောင်းခြံ။

## အသည်းကွဲမင်းသား

နှင့်

ရင်တွင်းဖွင့်ဝေဒနာများ

www.burmeseclassic.com

www.burmeseclassic.com

# အသည်းကွဲမင်းသား

နှင့်

# ရင်တွင်းပွဲ့ဝေဒနာများ

**မောင်လှမျိုး** (ချင်းချောင်းဖြူ)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| (၁) | အသည်းကွဲမင်းသား | ၇ |
| (၂) | မြန်ကာဟာဝ် . . . ကြိုး | ၂၇ |
| (၃) | အများအမှန်ရွေးပါ | ၄၁ |
| (၄) | စိတ်ပြိုင်ပွဲ | ၆၁ |
| (၅) | မြင့်မြတ်သောအလုတရား | ၇၉ |
| (၆) | ရှ | ၈၉ |
| (၇) | ရုက် | ၁၀၇ |
| (၈) | လောက,ဖတ်စာ | ၁၂၇ |
| (၉) | ကိုယ့်ကိုယ်ကိုယ် . . . ကယ် | ၁၄၁ |
| (၁၀) | နေနဲ့တည့်တည့်တိုး | ၁၆၅ |
| (၁၁) | အဝေးရောက် . . . ဆောင်း | ၁၈၇ |


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# အသည်းကွဲမင်းသား

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

[၁]

အပူရုပ်ကို
ဟန်လုပ်လို့ပြုံး
မာန်ထုပ်တွေ
ပြေကာကျ
ဘဝဆိတ်သုဉ်း။ ။

လူဖြစ်လာရတာကိုက အသည်းကွဲဖို့များလား။ တွေးတောမိရင်းမှ ကြေကွဲဝမ်းနည်းမိသည်။

အသည်းကွဲပြီဆိုတာနဲ့ ရှိရှိသမျှသော ဘဝ၏အားမာန်တွေ



www.burmeseclassic.com

www.burmeseclassic.com



လျော့ပါးခွေကျသွားရသည်ဟု ယခုမှ ကျွန်တော်သိ၏။ ခံစားမိမှ သိရလေခြင်း။

ခံစားသိဆိုတာက မခံစားဖူးသူ မသိနိုင်။ ကိုယ်တိုင်ကြုံတွေ့ ခံစားရခါမှ ထိုအတိုင်းအဆကို သိနိုင်ပေလိမ့်မည်။

ထို့ကြောင့် မည်ရွေ့မည်မျှ ခံစားနေရပါသည်ဟု မည်သူ့ကိုမျှ ကျွန်တော်ဖွင့်မပြော။ ခံစားနွမ်းကြေရသည့်ပမာဏကို မည်သူမျှ မမြင်သာနိုင်သော်လည်း နည်းနည်းပါးပါး သိကြစေလိုခြင်းငှာ တစ်ခွန်းတည်းသော ရင်ဖွင့်စကားကို သူငယ်ချင်းတချို့အား ကျွန်တော်ပြောဖြစ်သည်။

"ငါ အသည်းကွဲနေတယ်ကွာ"

'ဝါဝါဝင်းက မင်းကို မုန်းသွားလို့လား' . . . ဟု၊ သူငယ်ချင်း ချစ်ခင်က တအံ့တသြမေး၏။ 'မုန်းသွားတာထက် ဆိုးတယ်' . . . ဟု ကျွန်တော် ပြန်ဖြေဖြစ်သည်။ 'ဟို . . . ဟို . . . . နောက်တစ်ယောက် အပေါ်များ အာရုံပြောင်းသွားလို့လား' . . . ဟု၊ ချစ်ခင် ထပ်မေး၏။

ကျွန်တော် ခေါင်းခါလျက် . . . ,

"အဲဒါမျိုးဆိုလည်း ငါ့ထက်သာလွန်သူကို အာရုံညွှတ်သွားတဲ့အတွက် ငါ . . . မုဒိတာပွားနိုင်ပါတယ်"





"ဟာ . . . အဲဒါဆိုလည်း ဘာဖြစ်တာလဲ ငွေမိုးရယ်။ ငါ့ကို သေသေချာချာ ပြောပြစမ်းပါ"

"ပြောပြီးပြီလေကွာ။ ငါ . . . အသည်းကွဲနေပါတယ်လို့"

"အင်းလေ . . . ဟုတ်တယ်လေ။ ဘယ်လို အကြောင်းကြောင့် ကွဲရတယ်ဆိုတာ ငါသိချင်တာ"

ကျွန်တော် ခေါင်းခါမိပြန်သည်။ ပြီးမှ . . .

"ဘာကြောင့်ဆိုတာ ငါပြောလို့ မင်းသိရရင်တောင် ငါခံစားရသလောက်ကို မင်းသိမှာမဟုတ်ဘူး။ အေး . . . မင်းက သိနိုင်ပါတယ်ဆိုရင်တောင် ဒါလေးများလို့ မင်းထင်မြင်နေရင် ကွဲနေတဲ့ ငါ့အသည်း ပိုပြီး ကြေမွသွားလိမ့်မယ်"

"ငါ့ကို မပြောချင်ရင်လည်း တခြားတစ်ယောက်ကို ပြောပြပေါ့။ ဘုန်းသန်းတို့ ဇော်ကိုတို့ကို ရင်ဖွင့်ပေါ့။ ရင်ထဲမှာရှိရှိသမျှ ဖွင့်ပြောလိုက်ရင် ခံစားရတာ နည်းနည်းသက်သာတာပေါ့"

"ဒီကောင်တွေကိုလည်း ငါပြောပြီးပါပြီ"

"ဘာပြောပြီးတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ ... အသည်းကွဲနေတယ်လို့ ပြောပြထားတာပေါ့"

"အဲဒါပဲ ပြောတာလား"

"အင်း"

"ဒီထက်ပိုပြီး ဘာဖြစ်လို့ မင်းမပြောချင်တာလဲ"

"ကွဲနေတဲ့အသည်းကို ပြန်ကောင်းသွားအောင် ကုသရမယ့်ဆေးက စျေးကြီးလွန်းလို့ပါ"

ချစ်ခင် ခေါင်းကုတ်လေ၏။ စိတ်ဒုက္ခရောက်နေသော ဝေဒနာသည်တစ်ဦးကို ကြည့်သကဲ့သို့ ကျွန်တော့်ကို သူကြည့်၏။

ကျွန်တော်ကလည်း (ထိုအကြည့်ကို မသိဟန်ပြုကာ) သူရူးတစ်ယောက်ကဲ့သို့ နေပြလိုက်သည်။ အသည်းကွဲတယ်ဆိုတာ အရူးရောဂါတစ်မျိုးပဲလေ။

* * *



[၂]

"အသက်တွေလည်း သုံးဆယ်ပြည့်တော့မယ်။ အခုထိ လက်မထပ်နိုင်သေးဘူး။ ငါ စိတ်ဓာတ်ကျနေပြီ ... မောင်"

ထိုသို့သော ချစ်သူစကားလောက်မျှဖြင့် ကျွန်တော် အသည်းမကွဲပါ။ ဒါ ပြောနေကျ စကား။

သူ့လခက ရှစ်သောင်းကျပ်။ ကျွန်တော့်လခက တစ်သိန်းကျပ်။

ဘွဲ့ရပညာတတ် ချစ်သူနှစ်ဦး ထိုမျှသောဝင်ငွေဖြင့် စုံမိတ်လက်ထပ်ကာ ခြိုးခြံချွေတာပြီး အိမ်ခန်းလေးငှားနေနိုင်ရုံဖြင့် တူနှစ်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် ဆုံစည်းနိုင်ပါသည်။ သို့သော် . . . ဒါပေမဲ့ ပွားစီးလာဦးမည့် နောင်ရေးလေးတွေကို ထည့်မတွေး၍မဖြစ်။ နှစ်ယောက်စလုံးသည် ဆယ်ကျော်သက်များမဟုတ်ကြ။

"နာမည်ကသာ . . . ငွေမိုး။ မောင့်နာမည်နဲ့ မောင့်အခြေအနေနဲ့ကတော့ တခြားစီပဲနော် . . . ဟဲ ဟဲ"

ဒါလည်း ချစ်သူနောက်ပြောင်နေကျ စကား။ ထိုစကားကြောင့်လည်း အသည်းကွဲစရာမလို။

*

ကျွန်တော် အသည်းကွဲရမည့်ညနေက မိုးတွေ အုံ့မှိုင်းနေလေသည်။ ကောင်းကင်၌ မိုးသားတွေ အုံ့မှိုင်းနေခြင်းမဟုတ်။ ချစ်သူ့မျက်နှာ ကြည်ပြာကောင်းကင်၌ အားငယ်စိတ်များ ယှက်သန်းလျက် မှုန်ကုပ်အုံ့မှိုင်းနေခြင်း ဖြစ်လေသည်။

"ဘာဖြစ်နေတာလဲ ဝါ၊ ဘာအလိုမကျလို့လဲ"





စကားမတုံ့ပြန်။ အမှားရုပ်ဟန်များ ရှိနေလေသလားဟု ကျွန်တော် ကိုယ့်ကိုယ်ကိုယ် ဆန်းစစ်ရသေး၏။ (ကျွန်တော် အလုပ်လုပ်ရာကုမ္ပဏီမှ အလုပ်ပြီးစီးသည့်ညနေတိုင်း ဤကားမှတ်တိုင်တွင် ကျွန်တော် လာစောင့်နေကျ။ အလုပ်ဌာနတွင်လည်းကောင်း၊ သူ့ရှေ့မှောက်တွင်လည်းကောင်း ဒီနေ့အဖို့ မည်သည့်အမှားမျှ ကျွန်တော် မကျူးလွန်ထား။)

ကိုယ့်ကိုယ်ကိုယ် ဆန်းစစ်ပြီးမှ အပြစ်ကင်းသူ၏ အကြင်နာလေပြေစကားဖြင့် ချစ်သူ၏ပခုံးနွဲ့ဆီသို့ တိုးကပ်ကာ ထပ်မံ၍ မေးမြန်းလိုက်မိသည်။

"ဝါ . . . ဘာဖြစ်နေတာလဲ"

"ဘာမှမဖြစ်ဘူး"

နှုတ်ခမ်းရှုလျက် မှုန့်ရှံ့မှု ပြန်ပြောသော စကားသံမျိုးမဟုတ်။ ပွားအုံကို တုတ်နှင့်ထိုးလိုက်သည့်အခါ အုံတက်လာသည့် ပျားကောင်များကဲ့သို့ ဒေါသအဟုန်တို့ဖြင့် ပျံ့တက်ထွက်ပေါ်လာသည့် ရန်ဘက်စကား။

"ဘာမှမဖြစ်ဘူးဆိုတဲ့ လေသံကိုက ဒဿဂီရိ ဖနောင့်ပေါက်သလောက် ပြင်းထန်နေတယ်လေ"

အောက်နှုတ်ခမ်းကို အပေါ်သွားအစွန်းလေးဖြင့် သူ ဖိကိုက်



www.burmeseclassic.com

www.burmeseclassic.com



၏။ သေချာပါသည်။ ချစ်သူ စိတ်ဆိုးနေလေခြင်း။

"မောင့်ကို စိတ်ဆိုးနေတာတော့ မဟုတ်ပါဘူး နော်"

"မဟုတ်ဘူး၊ မဟုတ်ဘူး"

"မဟုတ်ဘူးသာ ပြောတယ်။ ဘာဖြစ်လို့ မောင့်ကို မျက်စောင်းထိုးရတာလဲ"

သူ့လက်ဆွဲအိတ်လေးကို ကျွန်တော်ရှေ့သို့ ဆောင့်ခနဲ ထိုးပြလျက် . . .

"ဒီအိတ် ဘယ်လောက်ပေးရသလဲ"

ကျွန်တော် လက်ဆောင်ပေးထားသည့်အိတ်။ သူမြတ်နိုးပါသည်ဆိုခဲ့သော ကျွန်တော့်ကိုယ်ပွား။

"သုံးထောင်"

"ငါးသောင်းတန်လောက် ဝယ်ပေးနိုင်ရင် သိပ်ကောင်းမှာပဲ"

အံ့မှိုင်းမိုးကောင်းကင်ထက်မှ မိုးရွာချလိုက်သကဲ့သို့ ကျွန်တော် . . . ခံစား စိုရွှဲသွားရသည်။

(ရွာသွန်းလိုက်သည်မှာ . . . အက်စစ်မိုး)။

"မောင့်ကို သိက္ခာချလိုက်တာလား . . . ဝါ"





"မောင်ထင်ချင်သလို ထင်တော့၊ နေရထိုင်ရတာ သိပ်မျက်နှာငယ်တယ်။ ကိုယ့်ချစ်သူဆီ ဖုန်းဆက်တာတောင် အလုပ်ကဖုန်းနဲ့ လှမ်း လှမ်းဆက်နေရတယ်။ ကြာတော့ . . . ဘေးက လုပ်ဖော်ကိုင်ဖက်တွေက ပြောတာပေါ့။ အလုပ်ကဖုန်းနဲ့ ဆက်ရတော့ အောက်တာပေါ့တဲ့။ နင့်ချစ်သူကို ဟမ်းဖုန်းဝယ်ပေးခိုင်းပါလားတဲ့။ လက်ကိုင်အိတ်ကလည်း သူငယ်နှပ်စားအိတ်တဲ့။ လေး၊ ငါးသောင်းတန်လောက်မှ နင့်ရုပ်နဲ့ လိုက်ဖက်မှာတဲ့။ နောက်သလို ပြောင်သလိုပြောကြတာ။ ကြားရတာ စိတ်ဓာတ်ကျတယ်"

"မောင့်ကို အပြစ်တင်နေတာလား ဝါ"

မျက်နှာလွှဲလေ၏။

"ဘေးစကားဆိုတာ အရေးထားစရာမှ မဟုတ်တာ။ ပြီးတော့ တမင်နောက်ကြပြောင်ကြတာ နေမှာပါ"

"နောက်တယ်ပြောင်တယ်ပဲ ထားပါတော့။ မောင်ကရော တကယ်ဝယ်ပေးနိုင်လို့လား။ မောင်သာ . . . ဟမ်းဖုန်းလေး ဝယ်ပေးထားပြီး လေး၊ငါး

www.burmeseclassic.com



သောင်းတန် လက်ကိုင်အိတ်မျိုး ဝယ်ပေးထားနိုင်ရင် ဘယ်သူမှ နောက်မှာပြောင်မှာမဟုတ်ဘူး။ နောက်တယ်ပြောင်တယ်ဆိုတာ မလေးစားခြင်းတစ်မျိုးပဲ။ ဘယ်လေးစားကြပါ့မလဲ၊ အဟန့်အတားမှ မကြီးမားတာ''

ကျွန်တော် ရင်ဆို့ရသည်။ အသည်းနင့်ရသည်။

''ဝါ ... ကလေးသာသာစကားမျိုးတွေ ဘာကြောင့် ပြောနေရတာလဲ။ နှစ်ယောက်ဘဝ ထူထောင်ဖို့ မောင် ... ကြိုးစားနေတယ်လေ''

''ကိုယ်ပိုင်စီးပွားရေးမလုပ်ဘဲ သူများဆီမှာ ဝန်ထမ်းလုပ်နေမှတော့ ငါးသောင်းတန်အိတ်မပြောနဲ့ စက္ကူအိတ်တောင် ကောင်းကောင်းကန်းကန်း ကိုင်နိုင်မှာမဟုတ်ဘူး။ ဟမ်းဖုန်းဆိုတာ ဝေးရော''

ကျွန်တော် တက်ခေါက်မိမလိုဖြစ်ရသည်။ တက်ခေါက်သံထွက်သွားမည်စိုးသဖြင့် အပေါ်အောက်သွားနှစ်ခုအကြားသို့ လျှာဖျားကို ထိုးသွင်းပြီး ဖိကိုက်လိုက်ရ၏။

''ကိုယ်ကျင့်တရားကောင်းကောင်းနဲ့ မောင်နေထိုင်ကြိုးစားနေတာကို၊ ဝါ ... မနှစ်မြို့တော့တာလား''

''ကျောက်တုံးကြီးတွန်းနေတာ ချွေးတပြိုက်ပြိုက်နဲ့ ကြာပြီ ... မောင်။ ဘယ်လောက်ချွေးရွှဲရွှဲ ကျောက်တုံးမရွှေ့ရင် အလကားပဲ''

ခေတ်ကာလက အချစ်ကိုပင် ပြာချလိုက်လေသလား။ ရိုးသားကြိုးစားမှု၏အရှိန်အဝါကိုပင် နေးကွေးလွန်းသည် ... ဟု သူနှပ်စွဲရက်လေပြီ။

''မောင် စုစုဆောင်းဆောင်း လုပ်နေတယ်လေ ... ဝါ။ ဘယ်သူမဆို ချစ်တဲ့သူကို အကောင်းစား၊ အမြင့်စား မပေးချင်တာ မရှိပါဘူး''

''မှုးစု၊ ပဲစုနဲ့ ဘာမှလုပ်လို့မရဘူး''

ပြောရက် ... ပြောထွက်လေသည်။

''မောင် လိုက်မပို့နဲ့တော့''

တစ်ခွန်းတစ်ပါဒ တစ်ချက်လွှတ်အမိန့်တော်ကို ထုတ်ပြန်လျက် ဆိုက်ရောက်လာသော ဘတ်စ်ကားပေါ်သို့ သူတက်သွား၏။

ကားမှတ်တိုင်တွင် ကျွန်တော်တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။ ထိုညနေက ကျွန်တော် စတင်အသည်းကွဲခဲ့ရ၏။

ချစ်သူ၏ ချိုးနှိမ်စကားသည် အမုန်းဖြင့် ခုတ်ပိုင်းလိုက်သည့်







www.burmeseclassic.com

www.burmeseclassic.com



ဓားလက်နက်ထက် နှလုံးသားကို ပိုရှကွဲရှကြေမွစေလေ၏။ သူမှိ ... ပြောထွက်သည်။ ပြောရက်သည်။

✻

နောက်ရက်များ၌ လာမကြိုရန် သူပြောခဲ၏။ ပြောလျက် လာကြိုလျှင် သူ့ကို အဆိုးမဆိုနဲ့ဟု စကားကြမ်းကြမ်းဖြင့် ဟန့်တား ခြိမ်းခြောက်ပြန်လေသည်။

ချစ်သူစင်စစ်ဖြစ်နေပြန်သဖြင့် ကျွန်တော် ဒေါသမထားရက်၊ သောကပွားလျက်သာ ရင်နင့်ကြေကွဲနေရသည်။

✻

အသည်းကွဲရခြင်း၏အကြောင်းအရင်းကို ဘယ်မှာ ... ဘယ်လို ကျွန်တော် ရင်ဖွင့်နိုင်ပါ့မလဲ။ အကုန်အစင် ပြောပြမိခဲ့သည် ထား။ ချစ်သူကို အပြစ်တင်ကြမည့် ... ကိစ္စ။





ထို့ပြင် ကိုယ့်ကိုယ်ကိုယ်ပင် သိမ်ငယ်စေမည့် အကြောင်း အရင်း။

ထို့ကြောင့် အသည်းကွဲနေပါသည်ဟူသည့် သတင်းခေါင်း စဉ်မှတစ်ပါး အချက်အလက်ပြည့်စုံမည့် သတင်းအသေးစိတ်ကို ကျွန် တော် မထုတ်ပြန်။ ချစ်သူအပေါ် သူတစ်ပါး ဝေဖန်အထင်သေးလေ အောင် လုပ်ကြံလေသောသူ ကျွန်တော် မဖြစ်လို။

✻ ✻ ✻



www.burmeseclassic.com

www.burmeseclassic.com

[၃]

"မောင်"

တစ်လတိတိ မျှော်မိုက်ခဲ့သည့် ကျွန်တော့်ဘဝ ... အ,ကာလ။ ယခုမှ လပြည့်ညကို တွေ့ခွင့်ရသည်။

"ဝါ ... ဝါရယ် ...။ ကျေးဇူးတင်လိုက်တာ"

"ဘာကို ကျေးဇူးတင်တာလဲ"

"မောင့်ဆီကို ဖုန်းဆက်လို့ပေါ့။ ဝါ့အသံလေးကို ကြားခွင့်ရလို့ပေါ့"

"ဆောရီး ... မောင်။ ဝါ ... တောင်းပန်ပါ





တယ်။ ဝါ့ကို မောင်လာကြိုနော် အခု"

နေဝင်တော့မည့် ညနေခင်းသည် အသည်းကွဲနေခဲ့သူ ကျွန်တော့်အဖို့ မနက်ဖြန်အတွက် အရုဏ်ဦး။

✻

"ဟမ်းဖုန်းလည်း မကိုင်ချင်တော့ဘူး။ လေး, ငါးသောင်းတန်အိတ်လည်း မလိုချင်တော့ဘူး။ မောင့်ဘာသာ ပုံမှန်ကြိုးစား။ ဝါလည်း ပိုပြီး ခွေ့တာကြိုးစားတော့မယ်။ လိုအပ်ရင် ဆံဖြူသွားကျိုးတဲ့အထိ မောင့်ကို စောင့်ပါ့မယ်။ ပြောမှားဆိုမှားတွေအတွက် ဝါ့ကိုခွင့်လွှတ်ပါ"

"ခွင့်လွှတ်စရာတောင် မလိုပါဘူး။ ခေတ်နဲ့အချစ်နဲ့ ဝါ ... ရောနှောသွားတာ မောင် သိပါတယ်။ အပြစ်မယူဘူး။ အဲဒါကြောင့် တောင်းပန်စရာမလိုဘူး"

"ကျေးဇူး"



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် ဘယ်လို ပြောင်းလဲပြေလျော့သွားသည်ကို သိချင်သော်လည်း မမေးဝံ့။

ကားမှတ်တိုင်သို့ ရောက်သောအခါ ချစ်သူက . . .

"မနေ့က အဲဒီနားမှာ ကောင်မလေးသုံးယောက်၊ နှစ်ဆယ့်တစ်ရာစု ဒီဇိုင်းနဲ့၊ ပြီးတော့ . . . ဟော်မုန်းကိုယ်စီနဲ့၊ ပြီးတော့ . . . ဝါ လိုချင်တဲ့အိတ်မျိုး သူတို့ပခုံးပေါ်မှာတွေ့တယ်"

"ဪ"

"ကုမ္ပဏီဝန်ထမ်းလည်း မဟုတ်၊ ဌာနဆိုင်ရာဝန်ထမ်းလည်း မဟုတ်၊ အနုပညာအလုပ်ကို လုပ်နေသူလည်း မဟုတ်ဘဲနဲ့ သူတို့ အဲဒီလိုပိုင်ဆိုင်နိုင်ကြတာကိုကြည့်ပြီး ဝါ . . . အဲဒီပစ္စည်းတွေ မပိုင်ချင်တော့ဘူး။ မလိုချင်တော့ဘူး။ ကိုယ့်ချွေး ကိုယ့်ဉာဏ်မပါဘဲနဲ့ ဖိနပ်ကောင်းကောင်းတောင် ဝယ်မစီးတော့ဘူးလို့ ဝါ . . . ဆုံးဖြတ်လိုက်တယ်။ ပြီးတော့ . . . မောင့်ကို အရမ်းသတိရမိတယ်။ တစ်နေ့လုံး မောင့်ကို . . . ပြောမိဆိုမိတာတွေးပြီး ငိုမိသေးတယ်"

"မငိုပါနဲ့။ ဒါ . . . ငိုစရာမဟုတ်ဘူး။ ငိုမယ့်





မျက်ရည်တိုင်းကို အင်အားအဖြစ် မွေးမြူလိုက်တော့။ ကျောက်တုံးကြီးရွှေ့အောင် မောင်လည်း၊ အားစိုက်ပါ့မယ် ဝါရယ်"

ချစ်သူ့လက်ဖဝါးနုကို ပြုံရုံကိုင်တွယ်လိုက်မိသည်၊ ကျွန်တော် အသည်းကွဲခဲ့ရသည့်ရက်များအကြောင်း သူ့ကို ပြောမပြချင်တော့ပါ။

ဘာဖြစ်လို့လဲဆိုတော့ 'အသည်းကွဲတာ ဘယ်လိုမျိုးလဲ' ဟု သူမေးမြန်းခဲ့လျှင် ကျွန်တော့်ခံစားမှု အတိုင်းအဆကို သူသိအောင် ကျွန်တော် ပြောပြနိုင်စွမ်းရှိလိမ့်မည်မဟုတ်။ သိလည်း မသိစေချင်။

ထို့ပြင် . . .

အသည်းကွဲခြင်းဆိုသည့် ဝေဒနာကို ဘယ်လိုနည်းနှင့်မျှ ချစ်သူကို မကြုံတွေ့စေလို။ (ကျေးဇူးပြု၍ ကျွန်တော် အသည်းကွဲခဲ့သည့်အကြောင်း ချစ်သူကို ပြောမပြလိုက်ပါနှင့်။ သူ . . . စိတ်မကောင်းဖြစ်သွားမှာ စိုးလို့ပါ) . . .။

[၂၀၀၀၊ မေ Fashion Image]



www.burmeseclassic.com

www.burmeseclassic.com

# မြန်ကပပ်ကြိုး

www.burmeseclassic.com

www.burmeseclassic.com

[၁]

"မင်း ... ရူးနေပြီ နန္ဒ၊ အဓိပ္ပာယ်မရှိတဲ့

အစွဲအလမ်းကြီးက မင်းကို ဒုက္ခပေးနေပြီ"

ကျွန်တော့်ကို အပြစ်တင်နေသည့် သူငယ်ချင်း အာကာဦးကို ကျွန်တော် စိတ်မဆိုးပါ။ သူစေတနာအပြည့်ဖြင့် ပြောနေသည်ဟု ကျွန်တော်သိသည်။ သူတင်မဟုတ်၊ အခြားသော သူငယ်ချင်းတွေလည်း၊ သူ့ကဲ့သို့ ကျွန်တော့်အပေါ်တွင်၊ စေတနာကြီးကြကြောင်း ကျွန်တော်သိပါသည်။

ဒါပေမဲ့ ခက်တာက၊ ကျွန်တော့်လို ခံစားစွဲလမ်းမှုမျိုး၊ သူတို့အားလုံးဆီမှာမရှိကြသဖြင့်၊ အပြစ်တင်နေကြသည်ဟု ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ခံယူပါသည်။ ဒါမှမဟုတ် ကျွန်တော့်ကဲ့သို့ သူတို့ မခံစားဖူးသဖြင့် (ကျွန်တော့်ခံစားမှုအတိမ်အနက်ကို သူတို့ မသိမြင်နိုင်ကြသဖြင့်) မစာမနာ ဝေဖန်နေကြခြင်းဟု ကျွန်တော် သဘောထားဖြစ်သည်။

စာနာမှုဆိုတာက တစ်ဖက်သား၏ခံစားချက်ကို သိမြင်တတ်ပါမှ ထွင်းဖောက်မြင်ကြည့်တတ်ပါမှ ထားရှိနိုင်မည့် ကိုယ်ပိုင်အခွင့်အရေးဟု ကျွန်တော် နားလည်ထားပါသည်။ ထို့ကြောင့် မည်သည့် သူငယ်ချင်းကိုမျှ ကျွန်တော် စိတ်မဆိုး။ သူတို့ မြင်သာနားလည်ရန်ကိုသာ ကျွန်တော် မျှော်လင့်နေမိသည်။

"ရည်းစားတစ်ခါမှ မထားဖူးလို့၊ တစ်ခါမှ မချစ်ဖူးလို့ တမ်းတမ်းစွဲနေရတာပါဆိုလည်း တော်သေးတယ်၊ အခုဟာက ဘာမဟုတ်တဲ့ မိန်းမတစ်ယောက်ကို"

နံရံမာမာတစ်ခုဖြင့် လက်သန်းဖျားလေးကို ကိုင်ရိုက်လိုက်သကဲ့သို့ အာကာဦး၏စကားကြမ်းကြီးက ကျွန်တော့်အသည်းနှလုံး၏ အစွန်အဖျားလေးကို ဖြန်းခနဲမြည်အောင် ကိုင်ရိုက်လိုက်သည်ဟု ခံစားရသည်။ နာကျင်ရ၏။ ပြောရက်လိုက်တာ။

"ဘာမဟုတ်တဲ့ မိန်းမလို့တော့ မပြောပါနဲ့ အာကာရယ်။ နိုင်ပွင့်ကို မင်းတို့ ကြည့်လို့မရရင်တောင်





နိုင်ပွင့်က ငါ့ချစ်သူဆိုတာလောက်တော့ သိထားပေးပါကွာ"

အာကာ ကျွန်တော့်ကို ဘုကြည့်ကြည့်၏။ နှုတ်ခမ်းကို တိခနဲနေအောင် ပိတ်ပစ်လိုက်သည်။ ပြီးမှ အခြားတစ်ဖက်သို့ မျက်နှာလွှဲသွား၏။

✻

နိုင်ပွင့်ကို အိပ်မက်များထဲမှာ အရင်မြင်တွေ့ဖူးခြင်းဖြစ်သည်။ အိပ်မက်ပေါင်းများစွာထဲမှ မြင်တွေ့ခဲ့ပြီးပါမှ အပြင်အပမှာ ကြုံဆုံရခြင်းဖြစ်သည်။ ဘယ်လောက် ထူးဆန်းလိုက်သလဲ။

နိုင်ပွင့်ကို တွေ့တွေ့ချင်း ကျွန်တော့်မှာ အရူးအမူးစုံမက်မိသည်။ ကျွန်တော့်လိုအဖြစ်အပျက်မျိုး လူတော်တော်များများ ဖြစ်ဖူးချင်မှ ဖြစ်ဖူးကြပေမည်။

သို့သော် ထူးဆန်းသော ချစ်မေတ္တာရေစက်ဟူသည်ကား လောကသံသရာ၌ ရှိတတ်စမြဲ။ (ဒါလည်း ကြုံဖူးမှလက်ခံနိုင်သည့် ကိစ္စဟု ကျွန်တော် နှလုံးသွင်းပါသည်။)



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူငယ်ချင်းတိုင်း၏ ပေဖန်ဟန့်တားမှုများကို အပြစ်မတင်မိ။ စိတ်မဆိုးမိ။ ကျွန်တော့်အပေါ်တွင်သာ နားလည်ပေးပါရန် အဖန်ဖန်အထပ်ထပ် ဖြေရှင်းပြောပြနေမိခဲ့သည်။

"သံသရာမှာ ကြုံတွေ့ခွဲခွာခဲ့ရတဲ့ ချစ်သူဆိုတာ ငါပဲသိတယ် … မင်းတို့ မသိနိုင်ဘူး"

'မင်းက ဇာတိသရဉာဏ်ရနေလို့လား' ဟု သူငယ်ချင်းဝင်းထွဋ်က ခနဲ့တဲ့တဲ့ မေး၏။

"အဲဒီလိုတော့ မဟုတ်ဘူးပေါ့၊ အိပ်မက်တွေအများကြီးထဲမှာ ခိုင်ပွင့်နဲ့ငါ ခဏခဏ ကြုံဖူးခဲ့ပါတယ်ဆို …။ သူ့ကျောကုန်းအထက်နားမှာ အမှတ်လေးတစ်မှတ်ရှိနေတာတောင် မရင်းနှီးခင်ကတည်းက ငါကြိုသိနေတာ၊ အခု ချစ်သူတွေဖြစ်သွားကြတော့ မေးကြည့်တာ … အဲဒီ အမှတ်လေး တကယ်ရှိနေတယ်"

"တော်ပါတော့ နန္ဒရယ်" … ဟု၊ ဝင်းထွဋ် ပြော၏။ ကျွန်တော် နှုတ်ငုံနေရသည်။ အာကာဦးက …

"ခိုင်ပွင့်ကို မင်း … နိုက်ကလပ်မှာ တွေ့ခဲ့တာနော်"





ကျွန်တော် ခေါင်းညိတ်၏။

"သူ ပွေပွေရှုပ်ရှုပ်နေခဲ့မှုတာလည်း မင်းသိတယ်၊ မိန်းကလေးတန်မဲ့ အလောင်းအစားလည်း လုပ်တတ်တာ မင်းသိတယ်၊ အဲဒါကို မင်းက အိမ်ထောင်ဖက်အဖြစ်ပါ ရည်းစူးနေတယ်ဆိုတော့ မင်း … ရူးနေလို့ပဲ"

"ငါ ချစ်တာကိုး …။ ပြီးတော့ ပစ္စုပ္ပန်မှာဘာဖြစ်ဖြစ်၊ အတိတ်က သံယောဇဉ်ကို ငါ ပိုပြီး ဦးစားပေးနေမိတာပါ"

"ငကြောင်"

အာကာဦး၏ ရှုံ့မဲ့စွာခေါ်ဝေါ်လိုက်သည့် ကျွန်တော့် … နာမ …။

✻ ✻ ✻



www.burmeseclassic.com

www.burmeseclassic.com

## [၂]

"နန်"

နိုင်ပွင့်က ကျွန်တော့်ကိုခေါ်ဝေါ်သည့် ချစ်စနိုးအမည်နာမ်စား။

"ပြောလေ . . . နိုင်"

"လက်ထပ်မယ်ဆိုရင် တိုက်ခန်းလေး တစ်ခန်းရှိရုံနဲ့ မပြည့်စုံဘူး။ ကားလတ်လတ်လေးတစ်စီးလောက်တော့ နိုင်နဲ့ နန့်မှာ ရှိသင့်တယ်နော်"

"နန် ကြိုးစားပါ့မယ်"

"မြန်မြန်ကြိုးစား။ ထည်ထည်ဝါဝါ တင့်တောင်းနိုင်ရင် နိုင့်ဆွေမျိုးတွေက နန့်ကို အထင်သေး





မှာ စိုးတယ်"

"စိတ်ချပါ နိုင်ရယ်။ နိုင့်အဒေါ်ကို မပြောပြဘူးလား . . . နန်နဲ့နိုင်က အတိတ်ဘဝဟောင်းက၊ ချစ်သူတွေ ဖြစ်ဖူးခဲ့ကြတယ်ဆိုတာ"

"ပြောပြတာပေါ့။ အစက, အဒေါ်ရော၊ အခြားသူတွေရော၊ မယုံကြဘူး။ နောက်မှ . . .၊ အကြားအမြင် သွားမေးကြတယ်၊ အဲဒီက ပြန်လာမှ ယုံသွားကြတာ"

"ဟုတ်လား"

ကျွန်တော် လွန်စွာ ကျေနပ်သွားရသည်။ သိနိုင်မြင်နိုင်သူများသာ၊ လက်ခံသည့်ကိစ္စဟု သူငယ်ချင်းတွေကို ပြောပြချင်သေးသည်။

✻

"ပစ္စုပ္ပန်ကို တည့်တည့်ရှု . . . ဆိုတဲ့ ဓ စကား၊ မင်း မကြားဖူးဘူးလား။ ပစ္စုပ္ပန်မှာ း



www.burmeseclassic.com

www.burmeseclassic.com



နိုင်ပွင့်က စရိုက်မှမကောင်းတာ၊ အဲဒီ မကောင်းတဲ့ စရိုက်ကို မင်းလက်ခံတယ်ဆိုမှတော့ ငါတို့ မင်းကို ဘာမှမပြောတော့ဘူး၊ မင်း လုပ်ချင်ရာလုပ်"

ဝင်းထွဋ်၏ ပစ်ပယ်စကား။ အာကာဦးက . . .

"ငါကတော့ မင်းမုန်းချင်မုန်း လုပ်ချင်ရာလုပ် ဆိုပြီး မျက်နှာတော့ လွှဲထားမှာမဟုတ်ဘူး၊ မင်းအစွဲကို ငါ ရအောင်ချွတ်မယ်"

"ချစ်နေမိတဲ့အစွဲကို ဘယ်အရာနဲ့ ခွာချရမှာလဲ . . . အာကာရယ်"

ဂုဏ်ယူစဖွယ် လေပြေဖြင့် ကျွန်တော် ပြောလိုက်သည်။ အာကာဦး ကျွန်တော့်ကို စူးရဲစွာကြည့်၏။

*

နိုင်ပွင့်ကို လက်ထပ်နိုင်ရန် ကျွန်တော် အစွမ်းကုန်ကြိုးပမ်းသည်။

ခေတ်ကာလအခြေအနေအရ ကျွန်တော်လိုချင်သည့် ငွေ





ကြေး အတိုင်းအဆကို ရှာဖွေ၍ မလွယ်ကူ။

*

"နန်းအဒေါ်တို့ဆီမှာ ဦးမြခက်ဆိုတဲ့ ဘော့(စ်)တစ်ယောက်က နိုင့်ကို လာတောင်းနေပြီ . . .၊ နန်း ဘာလုပ်မှာလဲ"

"နိုင်ရယ် မောင့်ကို ခဏစောင့်ပါ၊ နိုင် မျက်နှာမငယ်စေရပါဘူး။ မောင် ကြိုးစားနေပါတယ်"

"မောင် ကြိုးစားနေတာကလည်း ရောမ ကျောက်တုံးကြီးကို တွန်းနေသလိုပဲ၊ ချွေးဒီးဒီးကျတာပဲ မြင်ရတယ်၊ ကျောက်တုံးက မရွေ့ဘူး"

မဲ့ပြုံးလေးဖြင့် ပြောသည့်ချစ်သူ့စကားက ကျွန်တော့်နှလုံးသားကို ဓားဖျားဖြင့် ခတ်လိုက်သည့်ပမာ၊ ကျွန်တော် နာကျင်စွာ ခံစားရ၏။

*



www.burmeseclassic.com

www.burmeseclassic.com



ဦးမြခက်ဆိုသူနှင့် ခိုင်ပွင့် လက်တပ်သည့်နေ့က ကျွန်တော် အရှုံးမီးဝိုင်း၊ အသည်းကြွေမတတ် ခံစားရသည်။

မည်သို့မျှ ဖြေဆည်၍မရ၊ နေ့ရက်များစွာ သောက်စားယစ်မူးနေမိသည်။ ကျွန်တော့်ကိုကြည့်လျက် အာကာဦးနှင့် ဝင်းထွဋ်တို့ တက်တစ်ခေါက်ခေါက်။

"မနက်ဖြန် . . . မင်း အိမ်ကို ငါလာခဲ့မယ်၊ မင်း အရက်မသောက်ထားနဲ့၊ မင်းကို ငါတို့မိသားစု ကိုးကွယ်တဲ့ ဆရာတော်တစ်ပါးဆီ လိုက်ပို့ပေးမယ်။ မင်းအစွဲကို ငါလည်း မချွတ်နိုင်ဘူး။ မင်းမီးကို ငါလည်း ငြိမ်းမပေးနိုင်ဘူး။ ဆရာတော် ငြိမ်းပေးနိုင်လိမ့်မယ်"

ကျွန်တော် ခေါင်းငိုက်စိုက်ချလျက် ငြိမ်နေလိုက်မိသည်။ ရင်ထဲတွင် အပူမငြိမ်း။

✻





"ဒကာပြောပြတဲ့ ခိုင်ပွင့်ဆိုတဲ့ ဒကာမလေးဟာ အတိတ်ဘဝက ဒကာ့ချစ်သူဆိုတာ ဒကာ သေသေချာချာသိတာလား၊ ထင်ယောင်ထင်မှားလား"

"တပည့်တော် အိပ်မက်မက်ပြီး သိတာပါ ဘုရား"

"ဩော် . . . ဒါဆို ထင်ယောင်ထင်မှားပေါ့"

ကျွန်တော် မည်သည့်စကားမျှ မလျှောက်တင်ဖြစ်။

"ထားတော့။ ပစ္စုပ္ပန်အခြေအနေကိုသာ လက်ခံသင့်တယ်ဆိုတာ ဒကာ တွေးဖူးသလား"

"တွေးပါတယ် ဘုရား။ ဒါပေမဲ့ ခံစားရလွန်းတော့ အတိတ်ကိုပဲ ဦးစားပေးမိပါတယ် ဘုရား"

"အင်း . . . အခု ဦးပဉ္စင်းနဲ့ ဒကာနဲ့ စကားပြောနေကြချိန်မှာရော အဲဒီဒကာမလေးရဲ့ ပစ္စုပ္ပန်အခြေအနေက ဒကာနဲ့ သက်ဆိုင်နေသေးရဲ့လား"

"မသက်ဆိုင်တော့ပါဘူး ဘုရား။ သူ အိမ်ထောင်ပြုလိုက်ပါပြီ။ အဲဒါကြောင့် တပည့်တော် လောင်ကျွမ်းနေရတာပါ ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"ဒကာပြောသလို အဲဒီဒကာမလေး နိုင်ပွင့်ဟာ အတိတ်ဘဝက ဒကာ့ရဲ့ချစ်သူဆိုပါတော့"

"မှန်ပါ့ဘုရား"

"အခုလက်ရှိဘဝမှာ မိခင်အဖြစ် နှမအဖြစ် ပြန်ဆုံတွေ့ရတယ်ဆိုရင်ကော ဒကာ အခုလို လောင်ကျွမ်းနေပါဦးမလား"

ကျွန်တော် မျက်လုံးပြူးသွားရသည်။ ကျွန်တော့်နှလုံးသည်း ခြေအတွင်းသို့ နှင်းရေစက်များ ဝေါခနဲ စီးဝင်လာသကဲ့သို့ တစ်ကိုယ်လုံး ဖြန်းခနဲဖြစ်သွားရ၏။

"သတ္တဝါတိုင်း ... သတ္တဝါတိုင်းဟာ သံသရာရဲ့ဆွေမျိုးတွေပဲ ဒကာ။ လက်ရှိဘဝမှာ ဘယ်လိုပဲ ကြုံတွေ့ကြုံတွေ့ သူစိမ်းဆိုရင် မိခင်လို၊ နှမလို သဘောထား ... ဘယ်မီးမှ လာမလောင်ဘူး ဒကာ"

ကျွန်တော် ဆရာတော်ကို အကြိမ်ကြိမ် ဦးချလိုက်သည်။ ဦးချရှိခိုးနေရင်းမှ နိုင်ပွင့်ကို ကျွန်တော့်နှမကဲ့သို့ တွေးမှတ်လိုက်၏။ ရင်ထဲရှိ အပူကြီးတစ်ချောင်း ထောက်ခနဲ ပြတ်တောက်သွားသည့် အပြင် အမှုမီးအားလုံး ငြိမ်းအေးသွားရသည်။





အနီးရှိ အာကာဦးနှင့် ဝင်းထွဋ်တို့ကို ကျွန်တော် ငြိမ်းအေးစွာ ပြုံးပြလိုက်သည်။

ဆရာတော်၏မျက်နှာတော်ကိုလည်း ကြည်ညိုစွာ မော်ဖူးလိုက်၏။ ။

2010- Jan 20

5:25 (p.m)

[Beauty max မဂ္ဂဇင်း – မတ် ၂၀၁၀]



www.burmeseclassic.com

www.burmeseclassic.com

# အမှားအမှန်ရွေးပါ

www.burmeseclassic.com

www.burmeseclassic.com

## [၇]

မုန်းသူ၏ သတ်ဖြတ်ခြင်းကိုခံရသူသည် (တစ်ဘဝတွင်) တစ်ခါသာ သေလေ၏။ ချစ်သူ၏ အထင်လွဲခြင်းကို ခံရသူသည်၊ အခါခါ ရင်ကွဲ. အခါခါ သေပွဲဝင်ရသကဲ့သို့ ခံစားနာကျင်ရသည့် အပြင်၊ ထိုဝေဒနာသည် ဘဝ,အဆက်ဆက်သို့ပင်၊ လိုက်ပါလိုက်စား လေမည်ပမား ထိတ်လန့်ခံစားရပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူနှင့် တွေ့ခွင့်မရသည်မှာ တစ်လတိတိ။ တွေ့ခွင့်မရ . . . ဆိုသဖြင့် တစ်စုံတစ်ရာက ဟန့်တားနှောင့်ယှက်ထားခြင်းမျိုး မဟုတ်။ ချစ်သူကိုယ်နှိုက်က အတွေ့မခံတော့ခြင်းဖြစ်သည်။

တွေ့ခွင့်ရပြန်တော့လည်း သူစိမ်းပမာ၊ စိမ်းပဝါ ခြုံလွှမ်းလျက်၊ အစိမ်းသက်သက် စကားကိုသာ စိမ်းကားစွာ ဆိုပါလေ၏။

"ရဲသီဟဆိုတဲ့ နာမည်နဲ့ နင်နဲ့ . . . မလိုက်ဖက်ဘူး။ ငကြောက်သီဟ . . . လို့ပဲ နာမည်ပြောင်းလိုက်တော့"

"မောင် . . .၊ သေသေချာချာ ရှင်းပြခဲ့တာပဲ နန္ဒာရယ်။ နန္ဒာ စိတ်အေးအေးထားပြီး . . ."

"တော်တော့ . . . ဘာစကားမှ မပြောနဲ့တော့ စကားလာပြောတာ၊ ဒါ . . . နောက်ဆုံး ဖြစ်ပလေ့စေ၊ နောက်တစ်ခါ စကားလာပြောရင် အရှက်ကွဲချင်, ကွဲပစေ၊ သက်ဆိုင်ရာကို တိုင်မယ်။ တရားစွဲမယ်၊ ဒါပဲ။ မယုံရင် လုပ်ကြည့်လိုက်"

ပြောတဲ့အတိုင်း လုပ်လိမ့်မည် . . . ဟု၊ ကျွန်တော် ယုံပါသည်။ သူ့စိတ်ကို ကျွန်တော် ယုံပါလျက် ကျွန်တော့်စေတနာကို သူ . . . မယုံကြည်။ မမြင်တွေ့။ ဆတ်ဆတ်ခါအောင် နာကျင်နေရက်





ပြီ၊ ကျွန်တော့်ချစ်သူ ဖြစ်ပါလျက် ကျွန်တော့်ရင်တွင်း ဆန္ဒအရင်းခံကို ထွင်းဖောက်, ဖွင့်လှစ်နိုင်ခြင်းမရှိ။

သူ့ကဲ့သို့ ဆတ်ဆတ်ခါ နာချင်ပါလျက် ကျွန်တော့်မှာ ခံစားရုံသက်သက်အပြင်၊ အမှန်တရားကို သူ မြင်သာပါစေဟု ဆုတောင်းမျှော်လင့်ရင်း၊ မမြင်သာလေသောအခါ ခံစားရသည့်ဝေဒနာမှာ ပို၍ပြင်းထန်လွန်းလေ၏။

သံသယနှင့်နှောသော အမုန်းထုထည်ထက် ချစ်ခြင်းမပြယ်သော နှမြောတ,သမှု ထုထည်သည် အဆ,သိန်းသန်းမက ရင်သို့လိုက်စားလွန်းလှသည်။ ဒါကို . . . ချစ်သူသိအောင် ကျွန်တော် မပြောတတ်။ မြင်သာအောင်လည်း ကျွန်တော် မပြနိုင်။

"မောင့်ဘက်ကနေပြီး ပြန်ဆန်းစစ်ပါဦး . . . နန္ဒာရယ်၊ ကျောင်းပြီးဖို့ လေးလလောက်ပဲ လိုတော့တယ်လေ။ မောင်တို့နှစ်ယောက် ချစ်သူတွေအဖြစ်နဲ့ပဲ ကျောင်းကို နှုတ်ဆက်ချင်ပါတယ်။ ပြီးတော့ . . . နှစ်ယောက်ဘဝ,အတွက် ရှေ့ဆက်ဖို့ ကြိုးစား"

"တော်ပါတော့ ရဲသီဟရယ်။ နံရံနဲ့ ပစ်ပေါက်ပြီးသား မှန်ကွဲစတွေကို ဘာနဲ့မှ ဆက်ပြမနေပါနဲ့တော့။ ငါ့မှန်ချပ်လေးကို နင်ကိုယ်တိုင် ဖိနင်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရင်တောင် . . . ငါ ဖြေနိုင်ပါသေးတယ်။

နင်က . . . နင်ကိုယ်တိုင် ဖိနင်းလိုက်ရင် ခြေ

ထောက်စူးမှာစိုးလို့ နံရံနဲ့ ပစ်ပေါက်လိုက်တာ။

ငါ, နာတယ် ရဲသီဟ။ နာတယ် . . . ဆိုတာ

မှန်းတာထက် ပိုပြင်းထန်တယ် . . . လို့ နင်, သိရင်

ငါ့နောက်ကို ဆက်မလိုက်နဲ့တော့''

မီးဝင်းဝင်းတောက် မျက်လုံးများ၊ နှုတ်ခမ်းလှလှ၏ တဆတ်ဆတ်တုန်၊ စကားလုံးများ၊ ပြင်းရှသော ခြေနင်းသံများ . . . အားလုံးကို၊ စုဆောင်းကြည့်မိသောအခါ လောက,ရာဇဝင်၌ ဒုတိယမြောက် သုဘဒ္ဒါကို နီးကပ်စွာ ကျွန်တော် မြင်တွေ့လိုက်ရ၏။

သူ့ နာကျင်အမုန်းများ၊ သံသရာရှည်ဦးမည်ကဲ့သို့၊ ကျွန်တော့်နှလုံးသားသည်လည်း ထိုသံသရာ နွေတစ်ကြော၌ ညှာကြွေသစ်ရွက်၊ ဖော်ကွာ . . . ညှိုးကဲ့သို့၊ မျောပါ, ကျွမ်းလောင်နေရမည်ကို၊ သူ . . . မသိလေရော့သလား။

* * *



[၂]

မည်သည့် သူငယ်ချင်းများမှ ကြားဝင်ဖြေရှင်း၍မရ။ နောက်ဆုံးနှစ် စာမေးပွဲဖြေပြီးသောအခါ၊ သူနှင့်ကျွန်တော်. .

တစ်စစီ . . . ဝေး။

တဖြည်းဖြည်း . . . ကွာ။

တစ်ညှာချင်း . . . ကြွေ။

*

ဘွဲ့ယူသည့်နေ့က ဘွဲ့နှင်းသဘင်တွင် သူ့ကိုတွေ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးသူငယ်ချင်းတွေကိုသာ သူ ... စကားပြော၏၊ နှုတ်ဆက်၏။ ယောကျာ်းလေးသူငယ်ချင်း မည်သူ့ကိုမျှ နှုတ်မဆက်၊ ပြုံးမပြ၊ စကားမဆို။

ကျွန်တော့်ကိုလည်း ရှက်ခြောက်ပင်အောက်က မြက်ခြောက်တစ်မျှင်ကို မမြင်မသိသကဲ့သို့ပင်၊ သူ ... နေနိုင်စွမ်း၏။

ဘွဲ့နှင်းသဘင်သို့ သူ့မိဘများအပြင် သူ့ခင်ပွန်းမိသားစုတွေလည်း၊ လိုက်ပါလာသည်ကို ကြားရ, သိရ, မြင်တွေ့ရ၏။

ဖြေရှင်းခွင့် မရနိုင်တော့မည့် အခြေအနေကို လွန်ခဲ့သောနှစ်လ,ခန့်ကမှ၊ သူ ... ဖန်တီးလိုက်ခြင်း ဖြစ်၏။ မိဘတို့၏စိတ်တိုင်းကျ၊ အသိုင်းအဝန်း၏ အလိုတူ၊ သူ ... ကိုယ်တိုင်က ကြည်ဖြူခဲ့လေပြီ။

✳

“ဒီလို အစီအမံကို လက်ခံဖို့ အစီအစဉ်ရှိလို့ မင်းကို တမင် အပြစ်တင်တာများလား” ... ဟု သူငယ်ချင်း ဖွန်မိုးက တီးတိုးပြော၏။





“မဟုတ်လောက်ပါဘူး” ... ဟုသာ၊ ကျွန်တော် ပြန်ပြောဖြစ်သည်။ အပြစ်သင့်သူ ... ဟုသာ ကိုယ့်ကိုယ်ကိုယ် ခံယူ၏။

“သုံးနှစ်ကျော်ကျော် သံယောဇဉ်ကို တိခနဲ နေအောင် ဖြတ်လိုက်နိုင်တဲ့ ဓားမှာ ... အသင်လွဲတာတစ်ခုတည်းမှ ဟုတ်ပါ့မလား။

အခွင့်သင့်တာနဲ့ ခုတ်ဖို့ ဖြတ်ဖို့ အရင်ကတည်းက တမြမြ သွေးထားတာဖြစ်မယ်”

သူငယ်ချင်းဖြစ်သူ ညြဖာက ကျွန်တော့်ကို ကရုဏာသက်စွာ ကြည့်လျက် ပြော၏။

“မြနန္ဒာက ငါ့ကိုပဲ အထင်လွဲပါစေကွာ။ မင်းတို့က မြနန္ဒာကို အထင်မလွဲကြပါနဲ့တော့၊ သူ့အပေါ်မှာ၊ ငါ ... စေတနာမှန်ခဲ့ပေမယ့် အပြုအမူ မှားသွားခဲ့တယ် ... လို့ပဲ၊ ငါကိုယ်ငါ မြင်လိုက်ပါပြီ။ ချိုချိုမွှေးမွှေး ဆေးပြားလေးကို ငါ ... မတိုက်တတ်ခဲ့ဘူး။ ဆေးလုံး ... ခါးခါးသက်သက်ကြီးကို ငါ ... တိုက်လိုက်မိတာ။ ငါ့ဆေး ခါးသွားတာ နေမှာပါကွာ”

ရင့်နင့်စွာ ကျွန်တော် ပြောမိသည်။ မျက်ဝန်းတွင် ပူခဲဖြစ်၏။ မျက်ရည်မဝေ့အောင် စိတ်ထိန်းသည်။



www.burmeseclassic.com

www.burmeseclassic.com

မောင်လှမျိုး (ချင်းချောင်းမြို့)

လူငယ်တစ်ယောက်၏ 'ဘဝ' စက်ရုံအတွက် မှုကိရိယာသည်
ထိုစက်ရုံ၏ အပိုစွန့်ပစ်ပစ္စည်း ... ဟုသာ ကျွန်တော် ခံယူချင်သည်
စွန့်ပစ်ပစ္စည်းဟူသည် ထုတ်ကုန်ပစ္စည်းမဟုတ်။ တ
ယောက်တည်းနေချိန်တွင်တော့ ... ငိုမိပေဦးမည်။

***



[၃]

ထိုနေ့က ... သောကြာနေ့။

သူငယ်ချင်းတွေက တစ်နေရာ။ ကျွန်တော်နှင့် မြနန္ဒာက တစ်နေရာစီ လျှောက်သွားဖြစ်ကြ၏။ ညနေစောင်းမှ ဇန္ဒုလပန်းခြံ ရှေ့တွင် ပြန်ဆုံဖို့ ချိန်းဆိုဖြစ်ကြသည်။

ပန်းခြံရှေ့တွင် မြနန္ဒာနှင့်ကျွန်တော် သူငယ်ချင်းတွေကို စောင့်နေစဉ် သူ့အိမ်က ကား၊ ခပ်လှမ်းလှမ်းမှ ဖြတ်သွား၏။ သူ့အစ် ကို မြင်တွေ့သွားသည်။ မြနန္ဒာ အထိတ်တလန့်မဖြစ်။

*

www.burmeseclassic.com



"မောင် ... နန္ဒာ အိမ်က ဆင်းလာပြီ။ မောင် ... နန္ဒာ့ကို ခိုးတော့။

အိမ်မှာ ပြဿနာတက်တယ်။ မောင်နဲ့နန္ဒာကို သဘောမတူဘူး ... တဲ့။ အိမ်က"

နှစ်ယောက် အသက်အရွယ်သည် နှစ်ဆယ့်တစ်နှစ်မျှ။ သူက ... ကြွယ်ဝသည့် အသိုင်းအဝိုင်းက။ ကျွန်တော်က ဆင်းရဲသားမျိုးရိုး။

အသက်အရွယ်၊ ပညာရေး၊ နှစ်ဖက်အသိုင်းအဝိုင်း ဘဝ ... ဖြတ်သန်းမှု၊ ခေတ်ကာလ, အခြေအနေ ... စသည့်များကို မိနစ်ပိုင်းအတွင်း ကျွန်တော် ချင့်ချိန်တွက်ဆသည်။

"ဒီညတော့ နွေဦးမေရဲ့အိမ်မှာ နန္ဒာ ... သွားအိပ်လိုက်ပါလား။ ဒါမှမဟုတ် ... သက်သက်မာ အိမ်မှာ အိပ်၊ မောင် လိုက်ပို့မယ်"

"ဘာဖြစ်လို့လဲ"

"မောင် ... စီစဉ်ရဦးမယ်လေ ... ဒီည။ မနက်ကျမှ မောင် ... လာခေါ်မယ်။ အဖေနဲ့အမေ့ကို





ဒီည ... ပြော။ မနက်ခိုးပြေး။ တော်သေးတာပေါ့။ အခု ... ပြော။ အခု ... ခိုးပြေးဆို။ ဖြုန်းစားကြီး။

အဝေးကြီးကို ခိုးမပြေးဘူး။ မနက်ကျရင် နန္ဒာ့ကို မောင့်အိမ်ခေါ်လာမှာ။

လက်ထပ်စာချုပ်တွေ ဘာတွေ မဝယ်ရသေးဘူးလေ။ မဟုတ်ဘူးလား"

"ဒါဆို ... နွေဦးမေဆီကို မောင်လိုက်ပို့" ... ဟု၊ မြနန္ဒာ ပြော၏။ ကျွန်တော် ... ရင်ပေါ့ရသည်။

✻

မနက်လင်းသည်နှင့် မြနန္ဒာ သူ့အိမ်မှာ ရှိနေမည်ကို ကျွန်တော် သိသည်။ အဘယ်ကြောင့်ဆိုသော် နွေဦးမေ၏အိမ်သို့ သူ့ကို လိုက်ပို့ပြီးလျှင်ပြီးချင်း သူ့အိမ်သို့ ကျွန်တော် ဖုန်းဆက်၏။ သူ့ မိခင်ကိုနှင့် တွေ့သည်။

နွေဦးမေ၏အိမ်လိပ်စာကို ကျွန်တော် ပြောပြသည်။ ညတွင်းချင်း သွားခေါ်ပါရန် ကျွန်တော် အကြံပြုသည်။



www.burmeseclassic.com

www.burmeseclassic.com



"အသက်တွေက ငယ်သေးတယ်လေ။ သူ . . . စိတ်လိုက်မာန်ပါ ဘာမှမလုပ်စေချင်လို့ပါ" . . . ဟု၊ ဖုန်းထဲမှ ကျွန်တော် ပြောဓ။

"အေး၊ ကျေးဇူးပဲ" . . . ဟု၊ သူ့အစ်ကို ပြောသည်၊ မြန္နာကတော့ ကျေးဇူးတင်လိမ့်မည်မဟုတ်ကြောင်း ကျွန်တော် သိပါသည်။

✻

တနင်္လာနေ့ ကျောင်းပြန်တက်မှ သူငယ်ချင်းတွေ သိကြသည်။ မြန္နာအနားသို့ ကျွန်တော် ကပ်ခွင့်မရတော့။

သူ့အိမ်က ကျောင်းသို့ စိတ်ချလက်ချ လွှတ်ရဲလောက်သည်အထိ နိုင်မာနိုင်ကြလေပြီ။

"နင့်ရည်းစားကိုယ်တိုင်က သူ . . . မယူချင်ပါဘူးဆိုပြီး ဖုန်းဆက်အကြောင်းကြားလို့ ငါတို့ လာခေါ်တာ" . . . ဟု၊ သူ့အစ်ကို ပြောပြကြောင်း နွေဦးမေမှတစ်ဆင့် ကျွန်တော် ပြန်ကြားရသည်။

ရည်ရွယ်ရာ ရွဲ့စောင်းသွားလေပြီ . . . ဟု၊ ကျွန်တော် သိ၏။ ချစ်သူ မနစ်မွမ်းသည်ကိုပင် အမြတ်ထားကာ ကျွန်တော် ဖြေသာခဲ့





သည်။ သို့သော် . . . ရင်တွင်းဆန္ဒအမှန်ကို ချစ်သူ . . . မမြင်။

✻

"ရှာရ . . . ဖွေရ၊ ရုန်းကန်ရတာကို နန္ဒာ မကြုံဖူးဘူးလေ၊ မောင် ပင်ပန်းမှာ မကြောက်ဘူး။ နန္ဒာ ပင်ပန်းမှာကို မလိုလားလို့ပါ။

စောသေးတယ်လေ နန္ဒာရယ်။ ပညာတစ်ပိုင်းတစ်စ။ အရွယ်က ဟိုမရောက် ဒီမရောက်။

ဘဝက . . . ရုပ်ရှင်ထဲမှာ ရုန်းကန်ပြသလို နာရီပိုင်းနဲ့ ပြီးပြည့်စုံသွားတာ မဟုတ်ဘူး"

"အဲဒါဆို ချက်ချင်း ပြောပြပါလား၊ ဘာဖြစ်လို့ မလိမ့်တပတ် လုပ်သလဲ"

"နန္ဒာ မလိုက်နာမှာ စိုးလို့ပါ။ မောင်စေတနာနဲ့ပါ . . . နန္ဒာရယ်။ မောင်ပြောတာကို ယုံပါ။

မယူနိုင်ဘူး . . . လို့ မောင် . . . လုံးဝမပြောဘူး။ အချိန်မတန်သေးဘူး . . . လို့ပဲ မောင်ပြောတာ



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ချစ်ရင် ဘာအကြောင်းပြချက်မှ မလိုဘူး သီဟ။

သတ္တိနည်းတာကို ကယ်တင်ရှင် အရေခွံနဲ့ မဖုံးနဲ့"

"နန္ဒာ မှားနေပြီ"

"မမှားဘူး။ နင့်သဘောထားကို ထင်းခနဲ မြင်ပြီးပြီ။

နင် . . . အကြောင်းကြားလိုက်ရင် လာခေါ် ကြမယ်။ နောက် . . . ဘယ်တော့မှ ပတ်သက်ခွင့် မရတော့ဘူးဆိုတာလောက်တော့ နင် တွေးသင့်တာ ပေါ့"

"တွေးတယ်။ တွေးပါတယ်။ ဒါပေမဲ့ . . . နန္ဒာ နစ်မွန်းမှာထက် စာရင်၊ ကျန်တာ ဘာဖြစ်ဖြစ် လို့ မောင် ဆုံးဖြတ်တာပါ။

ရောဂါကြီး . . . လို့ ဆေးခါးခါးတိုက်မိတယ် . . . ပဲ ယူဆ,ပေးပါ နန္ဒာရယ်။

ချက်ချင်း မသက်သာရင်တောင် တစ်နေ့ တစ်ချိန်မှာ ဆေးအာနိသင်ပြမှာပါ။ ဆေးချိုချိုလေး





တိုက်ပြီး အလိုမလိုက်ချင်တာပါ။ မောင့်စေတနာကို အချိန်ယူပြီး မြင်အောင် ကြည့်ပေးပါ"

"ကြောက်ရင် ကြောက်တယ် ပြောစမ်းပါ။ လောကခံကို ကြောက်တယ် . . . ပေါ့။ တခြားစကား တွေနဲ့ ကာမနေနဲ့"

"နန္ဒာ ဆင်းရဲမှာပဲ မောင် . . . ကြောက်တာ ပါ"

"ဆင်းရဲမှာကြောက်ရင် ချမ်းသာအောင် ကြိုး စားရမှာပေါ့။ ဘာ . . . ခက်လို့လဲ"

"အချိန်မတန်ဘဲ ဘာမှ မလုပ်သင့်ဘူးလေ။ မိုးရွာမှ ပျိုးကြဲရတာ။ အနာမှည့်မှ ပြည်ညှစ်ရတာ"

"မိုး . . . မရွာလည်း ရေသွင်းပြီး စိုက်လို့ရ တယ်။ အနာမမှည့်လည်း ထုံဆေးမေ့ဆေးပေးပြီး ခွဲထုတ်လို့ရတယ်။

မီးလောင်နေတာကို ရေ . . . မရှိလို့ မငြိမ်း ဘူး . . . လုပ်ရမယ့်ခေတ် မဟုတ်ဘူး။ ရှိတာနဲ့ ငြိမ်း ရမယ့် . . . ခေတ်။

ကြိုတွေးလို့ အဆင်မပြေရင်၊ အဆင်ပြေတဲ့



www.burmeseclassic.com

www.burmeseclassic.com



နည်းနဲ့ ချက်ချင်း ဖြေရှင်းရတဲ့ . . . ခေတ်''

လိုရာဆွဲ၍ပြောသော စကားဟု ကျွန်တော် သတ်မှတ်ဖြစ်သည်။

''အခု . . .၊ မောင် ချက်ချင်း ဖြေရှင်းလိုက်တာလေ။ အသင့်မြတ်ဆုံး ဖြစ်မယ့်နည်း''

''ကြောက်ကြောက်လန့်လန့် ဆုံးဖြတ်တာ မဟုတ်လား။ ရဲသီဟဆိုတဲ့နာမည်နဲ့ နင်နဲ့ မလိုက်ဖက်ဘူး။ ကြောက် သီဟ . . . လို့ပဲ နာမည် ပြောင်းလိုက်တော့''

''မောင် . . .၊ သေသေချာချာ ရှင်းပြခဲ့တာပဲ နန္ဒာရယ်။ နန္ဒာ . . . စိတ်အေးအေးထားပြီး . . .''

''တော်တော့။ ဘာစကားမှမပြောနဲ့တော့ . . .''

အထင်လွဲသူသည် ရင်ကွဲအောင် မည်မျှဖြေရှင်းစေ . . .၊ ထင်ချင်သလိုထင်၊ လွဲချင်သလို . . . လွဲနေမည်သာဖြစ်၏။ ဖြေရှင်းခွင့်ကိုပင် မပေးချင်တော့။

* * *



[၄]

ငယ်ငယ်က ကျွန်တော့်အနာကို အမေ ဆေးထည့်ပေးသည်။ ခြေသလုံးသားတွင် ပေါက်သော ယားနာထူလပျစ်။

အနာကို ဆပ်ပြာနှင့်ဖိပွတ်ဆေးသည်။ သွေးခြင်းခြင်း နီသည်။ ပြီးနောက် ဒုတ္တာနှင့် နန္ဒင်းတက်ကို သွေးပြီး အသားနီလန်နေသော အနာနေရာ . . . သို့ များပြားစွာ လိမ်းပေးလေ၏။

အမေ တစ်ခါလိမ်းပေးတိုင်း ကျွန်တော် တစ်ခါအော်သည်။ အသည်းဆတ်ဆတ်ခါအောင် စပ်ဖျင်းလွန်းလှ၏။

အနာကို ဆပ်ပြာဖြင့် ပွတ်ဆေးသည်မှ . . . ဆေးထည့်ပေးသည်အထိ အော်ဟစ်ရင်း၊ အမေ့ကို ကျွန်တော် စိတ်ဆိုးခဲ့ဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



စပ်လွန်း၍ ထွက်ပြေးလျှင်လည်း အမေ . . . ရိုက်သေးသည် ရိုက်လိုက် . . . စပ်လိုက်ဖြင့်၊ ဒုက္ခနှင့် နန္ဒင်းတက်ထည့်ပြီး သိ မကြာခင်တွင် အနာမှ . . . အရည်ကြည်များ စီးကျပြီး သက်သာ ပြုသည်။

နှစ်ရက်ခြား သုံးခါလောက် အစပ်ခံလိုက်သည့်အခါ ကျွန် တော့်အနာများ သက်သာပျောက်ကင်းခဲ့ဖူးသည်။

*

အနာရောဂါတိုင်းအတွက် အချို့ဆေးသည် ခါးသက်ေ အချို့ဆေးသည် စပ်ဖျင်းခံခက်၏။

*

ချစ်သော မြန်မာကို ကျွန်တော် ခါးသက်စွာ ကုစားခဲ့ သည်။ ။

2009- Nov 17

10:05 (a.m)

[2010–ဧပြီ၊ ကလျာမဂ္ဂဇင်း]



# စိတ်ပြိုင်ပွဲ

www.burmeseclassic.com

www.burmeseclassic.com

[၅]

သုခလှိုင်က ကွန်ပျူတာတက္ကသိုလ်မှ ကျောင်းပြီးထားသူ။ ကိုယ်ပိုင် (ကွန်ပျူတာ) လုပ်ငန်းဖြင့်၊ ပြည့်ပြည့်စုံစုံ နေထိုင်နိုင်သူ။

ဇော်မိုးခက်က သာမန်တက္ကသိုလ်ကျောင်းဆင်း။ သို့သော် ကုန်သည်မျိုးရိုး။ ကြွယ်ဝချမ်းသာသူ။

ပံသုကျော်က အင်္ဂလိပ်စာမေဂျာဖြင့် ကျောင်းပြီးခဲ့သူဖြစ်ပြီး ကုမ္ပဏီတစ်ခုတွင် ညွှေလမ်းညွှန်အဖြစ် အမှုထမ်းနေရင်း အိမ်တွင် အင်္ဂလိပ်စာသင်တန်းငယ် ဖွင့်လှစ်ထားသူ။

နှင်းရှုပါခင်၏ မိတ်ဆက်ပေးခြင်းကြောင့် ထိုသုံးယောက် စလုံးဖြင့် ကျွန်တော် သိကျွမ်းဖြစ်ခဲ့၏။

www.burmeseclassic.com



တရင်းတနှီးကြီးတော့ မဟုတ်။

✻

"အဲဒီ သုံးယောက်စလုံးမှာ ဘယ်သူက အမောက်မာဆုံးလဲ"

ကျွန်တော် မသုံးသပ်နိုင်သဖြင့် နှင်းရှုပါခင်ကို ကျွန်တော် မေးဖြစ်သည်။

နှင်းရှုပါခင်က ...

"ပံသုကျော်က နည်းနည်းမောက်မာတယ်"

"နှင်းအပေါ်မှာလား။ လူတွေအားလုံးအပေါ်မှာလား"

"အဲဒါတော့ ငါ ... မသိဘူး။ ငါ့ကို Propose လုပ်တာတောင်။ ကျွန်တော် ခင်ဗျားကို ချစ်တယ်တဲ့။ အလုပ်တော့ မအားဘူး ... တဲ့။ ဖုန်းမဆက်ဖြစ်ရင် မေ့နေတာမဟုတ်ဘူး။ မအားလပ်လို့ဆိုတာ သိထားပါ ... တဲ့။ ပြီးတော့ လက်ထပ်နိုင်မှ





အဖြေပေးပါ ... တဲ့"

ကျွန်တော်က နှင်းရှုပါခင်၏စကား ဆုံးသည်နှင့် ...

"အဲ့ဒါကြောင့် မောက်မာတယ်လို့ နှင် သုံးသပ်တာလား"

"အင်း ... ဟုတ်တယ်။ ပြီးတော့ သူ့တပည့်တွေအပေါ်လည်း ပြုံးပြုံးရွှင်ရွှင် မရှိဘူး"

"ကျောင်းဆရာတွေက အဲဒီလိုပဲဟ၊ လိုအပ်တာပဲ ပြောပြကြတာ" ... ဟု၊ ကျွန်တော် ကွယ်ကာစွာ ပြော၏။ ပြီးမှ ...

"ကျွန်တဲ့နှစ်ယောက်ကရော ..."

"ကျွန်တဲ့နှစ်ယောက်က ငါ အခု ခေါ်းညိတ်လိုက်တာနဲ့ ပျော်လွန်းလို့ လဲသေသွားနိုင်တယ်"

"နှင်က ...၊ ဘာပေတံနဲ့ ရွေးချယ်ချင်တာလဲ။ ချစ်တဲ့စိတ်နဲ့ ရွေးချင်တာလား။ ဦးနှောက်နဲ့ ရွေးချင်တာလား"

နှင်းရှုပါခင် ချက်ချင်းမဖြေနိုင်။ ထို့ကြောင့် ကျွန်တော်က အားမနာစွာဖြင့် ...

"ဒါမှမဟုတ်၊ နှင်က သုံးယောက်စလုံးကို ကြိုက်နေလို့လား"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါကျမှ နှင်းရှုပါခင် ချက်ချင်း စကားသံထွက်၏။

"ဟဲ့ . . . သုံးယောက်စလုံး ကြိုက်စရာလား"

"ဒါဆိုလည်း . . . အကြိုက်ဆုံး၊ အချစ်ဆုံး တစ်ယောက်ရွေးပေါ့၊ ပြီးတာပဲ"

နှင်းရှုပါခင်က . . .

"ချစ်တဲ့စိတ်ကို ငါ သိမ်းထားနိုင်တယ်။ ကြိုက်တဲ့စိတ်ကိုလည်း ငါရပ်ထားနိုင်တယ်။

ငါ့အပေါ်မှာ ဘယ်လောက်ချစ်သလဲဆိုတာ လောက်ကိုတောင် ငါ . . . မစမ်းသပ်ချင်ဘူး၊ ငါ့ဘ အတွက် ဘယ်လောက်လုံခြုံမှုပေးနိုင်သလဲဆိုတာ လောက်ကိုလည်း ငါ . . . မတွက်ချက်ချင်ဘူး"

"ဘာမှ မစဉ်းစားဘဲ စုံမှိတ်ပြီး ချစ်လိုက်ချင်တာလား . . . ဟု၊ ကျွန်တော် စကားဖြတ်မေးလိုက်၏။

"မဟုတ်ဘူး။ စိတ်ထား ဘယ်လောက်မြ မြတ်သလဲဆိုတာကိုပဲ ငါ . . . စမ်းသပ်ချင်တယ်"

"နှင့်အပေါ်မှာ ထားတဲ့စိတ်ထားကို စမ်းသ မှာလား"

"ဟင့်အင်း။ အရာရာအပေါ်မှာပေါ့"





ကျွန်တော်က . . .

"အကျင့်စရိုက်ကိုကြည့်ပြီး ဆန်းစစ်လို့ လုံ လောက်ပါ့မလား"

"အဲဒါကြောင့် နှင်ပါ . . . ကူပြီး ကြည့်ပေးဖို့ ငါ . . . လာပြောတာ"

"သူတို့ကို အဲဒီလို ဆန်းစစ်မယ်ဆိုတာ နှင် . . . အသိပေးမှာလား"

နှင်းရှုပါခင် ခေါင်းညိတ်၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

[၂]

စိတ်ထားမြင့်မြတ်သူကိုသာ ရွေးချယ်မည်ဖြစ်ကြောင်း ကာယကံရှင် သုံးဦးစလုံးထံသို့ နှင်းရှုပါခင် စာရေးအကြောင်းကြားသည်။ ထိုအကြောင်းကြားစာကို ကျွန်တော်က သွားရောက်ပို့ပေးရ၏။

ချိန်းဆိုသည့်နေ့ ချိန်းဆိုသည့်နေရာသို့ သုခလှိုင်နှင့် ဇော်မိုးခက်တို့သာ ရောက်လာကြသည်။ ပံသုကျော် ရောက်မလာ။

✳





နှင်းရှုပါခင်၏ ဂျစ်ကားကို ကျွန်တော် မောင်းပေးရသည်။ နှင်းရှုပါခင်က ကားရှေ့ခန်းတွင်ထိုင်ပြီး သုခလှိုင်နှင့် ဇော်မိုးခက်တို့က ကားနောက်ခန်းတွင် ထိုင်ကြ၏။ ၎င်းတို့၏ကိုယ်ပိုင်ကားများကို နှင်းရှုပါခင်က ယူဆောင်လာခွင့်မပြု။

သူတို့ သွားချင်ရာနေရာကိုသာ ကျွန်တော်က ကားမောင်းပို့ရမည်ဖြစ်သည်။

သုခလှိုင်က ရွှေတိဂုံစေတီတော်သို့ သွားမည်ပြောသည်။ ကျွန်တော်တို့အားလုံး ဘုရားရင်ပြင်တော်ပေါ်သို့ တက်ရောက်ဖူးမြော်ဖြစ်ကြ၏။ သုခလှိုင်က ဘုရားပေါ်၌ အလှူအတန်းများ များစွာပြုသည်။

"ဒါနပြုတာ ဝါသနာပါလို့လား" ...ဟု၊ နှင်းရှုပါခင်က သုခလှိုင်ကို မေးသည်။ သုခလှိုင်က ...

> "လောကမှာ သာသနာလုပ်ငန်းက အမြင့်မြတ်ဆုံးပဲ။ သာသနာကို ထောက်ပံ့တာ၊ အမြင့်မြတ်ဆုံးဒါန"

နှင်းရှုပါခင်၊ သာမှသုံးကြိမ်ခေါ်၏။

ဇော်မိုးခက်က တိရစ္ဆာန်ရုံကို လိုက်ပို့ခိုင်းသည်။ ပြီးနောက် တိရစ္ဆာန်များကို အစာကျွေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"တိရစ္ဆာန်လေးတွေကို ချစ်လို့လား" . . . ဟု၊ နှင်းရှုပါခင် မေး၏။

"ချစ်တယ် . . . လို့ မဟုတ်ပါဘူး။ စာနာစိတ်ပေါ့။ ကိုယ့်ထက် နိမ့်ပါးသူအပေါ် စာနာစိတ်ထားတာ မြင့်မြတ်တယ် . . . လို့ ကျွန်တော်ယူဆတယ်" . . . ဟု၊ ဇော်မိုး ဆက်ပြောသည်။

"အင်း . . .။ ဟုတ်တယ် ကောင်းတယ်" . . . ဟု၊ နှင်းရှုပါခင် ထောက်ခံ၏။

ညနေစောင်းတွင် ညစာ အတူစားကြသည်။ ထိုအချိန်အထိ ပံသုကျော် မည်သည့်ဆက်သွယ်မှုမျှ မလုပ်။ အရိပ်အယောင်မျှပေါ် မလာ။

⁂ ⁂ ⁂



[၇]

"နှင် . . . ဘယ်သူ့ကို ရွေးသလဲ" . . . ဟု၊ ကျွန်တော် နှင်းရှုပါခင်ကို မေးသည်။

"ရွေးဖို့နေနေသာသာ ဟို တစ်ယောက်ကို ငါ . . . ရေရေလည်လည် တင်းနေတယ်"

"ပံသုကျော်ကို ပြောတာလား"

"ဟုတ်တယ်။ ငါက . . . သူ့, မအားလပ်လို့ မလာနိုင်တာပဲ ထင်ထားတာ။ အားရဲ့သားနဲ့ မလာတာ ဘာသဘောလဲ ငါ . . . သိချင်တယ်"

"သူ . . . အား, မအား . . . နှင် ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



သိလဲ။ ဖုန်းဆက်လို့လား''

"မဟုတ်ဘူး။ ငါ့တူက သူ့ဆီမှာ သင်တန်းတက်နေတာ။ မနေ့က သင်တန်းမရှိဘူး။ ပြီးတော့ အလုပ်ပိတ်ရက်''

"နင် ... ဘာလုပ်ချင်လဲ''

"ငါ ... သွားမေးချင်တယ်''

ကျွန်တော်က ...

"ပြိုင်ပွဲတွေရဲ့ စည်းကမ်းမျိုးနဲ့ဆိုရင် မလာတဲ့သူ အရှုံးပဲလေ''

"အဲဒါက တစ်ပိုင်းပါ။ ငါ့ကို ချစ်ခွင့်ရဖို့ သူများနဲ့ ဝင်မပြိုင်ဘူး ... ဆိုတဲ့ သဘောလားလို့ ငါ ... သွားမေးချင်တာ။ အပြိုင်အဆိုင်နဲ့ ရယူလောက်တဲ့သူ ... လို့ ငါ့ကို မယူဆတာမျိုး ဖြစ်နေတယ်။ ငါ ... အောက်တာပေါ့''

"ရန်နဲ့ ငေါငေါတော့ သွားမမေးစေချင်ဘူး'' ... ဟု ကျွန်တော် အကြံပြု၏၊ "ရန်တော့ မတွေ့ပါဘူး။ စိတ်ဆိုးတာလောက်တော့ သိအောင်ပြောချင်တယ်'' ... ဟု၊ နှင်းရှုပါခင် ပြော၏။

*





နှင်းရှုပါခင်နှင့် ကျွန်တော်ကို တွေ့သည်နှင့် သင်တန်းသူ သင်တန်းသားများကို ပံသုကျော် ပြန်ခိုင်းလိုက်သဖြင့် ကျွန်တော် အံ့ဩမိ၏။

"သင်တန်းချိန်က နောက်နာရီဝက်လောက် လိုသေးတယ် မဟုတ်လား''

ကျွန်တော် မနေနိုင် မထိုင်နိုင် မေးလိုက်၏။ ပံသုကျော်က ... နှင်းရှုပါခင်ကို ညွှန်ပြလျက် ...

"သူက ကျွန်တော့်အတွက် အရေးကြီးတယ်ဗျ။ အဲဒါကြောင့် ဦးစားပေးလိုက်တာ''

နှင်းရှုပါခင် မျက်စောင်းထိုးသည်ကို ကျွန်တော်သာ မြင်လိုက်၏။

"မနေ့က ဘာဖြစ်လို့ မလာတာလဲ။ အရေးကြီးတယ် ... လို့ မထင်လို့လား''

နှင်းရှုပါခင်၏ တဲ့တိုးအမေးစကား။ ကျွန်တော် မျက်နှာလွှဲသွားသည်။ ပံသုကျော်က ...

"နှင်းရှုပါခင် ရေးလိုက်တဲ့အထဲမှာ စိတ်ထား



www.burmeseclassic.com

www.burmeseclassic.com



မြင့်မြတ်တာကို တခြားနှစ်ယောက်နဲ့ ယှဉ်ပြိုင်ကြရမယ်လို့ ပါတယ်လေ”

“အင်းလေ။ အဲဒါသိလျက်နဲ့ လာမပြိုင်ဝံ့တာဘာအားနည်းချက်ရှိလို့လဲ”

နှင်းရှုပါခင်၏အပြစ်ဖို့စကား။

ပံသုကျော်က နှင်းရှုပါခင်ကို သေသေချာချာကြည့်ရင်း . . .

“ပြိုင်ရင် နိုင်ချင်စိတ် ပေါက်မယ်ဗျ။ အဲဒီနိုင်ချင်တဲ့စိတ်က လောဘ,ပဲ။

အဲဒီ လောဘစိတ်ကြီးနဲ့ ကျွန်တော် ဘယ်လိုမှ မြင့်မြတ်နိုင်မှာ မဟုတ်ဘူး။

ဘယ်လိုလူမျိုးက မြင့်မြတ်တယ် . . . လို့ ကျွန်တော် မသိဘူး။ ပြိုင်ချင်နိုင်ချင်တဲ့စိတ်က မမြင့်မြတ်ဘူး . . . ဆိုတာတော့ ကျွန်တော် သိတယ်။ အဲဒါကြောင့် ကျွန်တော် မလာတာ။

ချစ်တာတော့ ကျွန်တော် ခင်ဗျားကို တော်တော်ချစ်တယ်ဗျ။ ဒါပေမဲ့ ဘယ်လိုမြင့်မြတ်မှုနဲ့ ချစ်ရမလဲဆိုတောတော့ ကျွန်တော် မသိဘူး”

“အဲဒါသိချင်လို့ လာမေးတာ” . . . ဟု ပြောပြီး နှင်းရှုပါခင်





ဆတ်ခနဲ ထ၏။ ကျွန်တော်ပါ ရောယောင်၍ ထလိုက်ရသည်။ ပံသုကျော်၊ ငေးကြည့်ကျန်ရစ်ခဲ့ရှာ၏။

✻ ✻ ✻



www.burmeseclassic.com

www.burmeseclassic.com

[၄]

"နင် . . . ပံသုကျော်ကို စိတ်ဆိုးနေတာလား"

"မဟုတ်ဘူး။ အသည်းယားတာ"

"ဘာဖြစ်လို့လဲ"

"ငါ . . . သူ့ကို ရွေးလိုက်ပြီ၊ ပြီးတော့ . . . ငါ . . . သူ့ကို လက်ထပ်မယ်။ သူလည်း . . . ပြော ထားတယ်လေ။ လက်ထပ်နိုင်မှ အဖြေပေးပါ . . . တဲ့"

စကားဆုံးမှ သူ . . . ပြုံး၏။

"ဘယ်လို အမှတ်ပေးသလဲ ငါ့ကိုပြောပြ ပါဦး"





"ပြိုင်ချင် နိုင်ချင်တဲ့ စိတ်က မမြင့်မြတ်ဘူး . . . ဆိုတာလေ။

သူပြောတာ။ နင် . . . မှတ်မိတယ် မဟုတ် လား"

"အင်း"

"အဲဒီ စကားတစ်ခွန်းတည်းကြောင့် ငါ . . . ၊ သူ့ကို ရွေးမှာ"

"သူ . . . ပြိုင်ပွဲ မဝင်ခဲ့ဘူးလေဟာ"

"အေး . . . ပြိုင်ပွဲကို မဝင်တာကိုက သူ့ . . . မြင့်မြတ်မှုပဲ"

ကျွန်တော် ခေါင်းညိတ်လျက် သေသေချာချာ စဉ်းစားနေမိ သော်၏။ ပြိုင်ပွဲဝင်ခဲ့ကြသည့် သုခလှိုင်နှင့် ဇော်မိုးခက်တို့၏ မကျေမ နပ်ဖြစ်သွားကြမည့် မျက်နှာထားများကိုပါ တွေးကြည့်ပုံဖော်နေမိသည်။

မြင့်မြတ်ခြင်းကို သာမန်ဝေါဟာရဖြင့် ဘာသာပြန်၍ မရ ကောင်း။ ။

2010- Mar 18

3:48 (p.m)

[2000-ဩဂုတ်လ၊ ကလျာမဂ္ဂဇင်း]



www.burmeseclassic.com

www.burmeseclassic.com

# မြင့်မြတ်သောအလှတရား

www.burmeseclassic.com

www.burmeseclassic.com

[၁]

ဆယ့်ရှစ်နှစ်သားလောက်တုန်းကတော့ ကမ္ဘာပေါ်မှာ ကျွန်တော့်ချစ်သူက အလှဆုံးပေါ့။ သူ့ရဲ့အလှအပသာလျှင် အမြင့်မြတ်ဆုံးလို့ ရင်ထဲစိတ်ထဲက ယူဆယုံကြည်ခဲ့တာပေါ့။ မြတ်နိုးခုံမင်ခဲ့တာပေါ့။

မျက်လုံးလည်း မကာစားဘူး။ လမ်းလျှောက်ရင်လည်း ညင်ညင်သာသာ။ ကမ္ဘာပေါ်မှာ အတည်ကြည်ဆုံး ဣန္ဒြေရှင်။ အမြင့်မြတ်ဆုံး အလှတရားဆိုတာ သူတစ်ယောက်တည်းပါလားလို့ တွေးမြင်ခဲ့တာ။ တွေးထင်ခဲ့တာ။

နှလုံးသားနဲ့ကြည့်တဲ့အမြင်၊ ကြည့်မိတဲ့ နှလုံးသားထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



လည်း၊ ချစ်ခင်စိတ်က အခြေတည်နေလေတော့ ကျွန်တော့်အမြင်
သူသာလျှင် ပြစ်မျိုးမဲ့မထင်၊ တကယ့်ဏ္ဍခြေရှင်၊ တကယ့်အတွ
အမြတ် အလှတရားလို့ မြတ်မြတ်နိုးနိုး စွဲမှတ်ခဲ့တာပါပဲ။ (ခံစား
သာ ကြည့်မိခဲ့တာကိုး။ ဉာဏ်ပါနိုင်တဲ့ အရွယ်မှမဟုတ်တာ)။

※

ဏ္ဍခြေဆိုတဲ့ဝေါဟာရရဲ့အဓိပ္ပါယ်အနက်ကိုတောင် သေသေ
ချာ မသိနိုင်တဲ့အရွယ်။ (ညင်ညင်သာသာပြောဆိုနေထိုင် လျော
လှမ်းတာလောက်ကိုပဲ တကယ့်ဏ္ဍခြေကြီးသူ၊ တကယ့်အလှတရား
သတ်မှတ်ခဲ့မိတာပေါ့)။

ကိုယ်ကလည်း အလှကြိုက်တတ်သူဆိုတော့ လှတဲ့
ဏ္ဍခြေရှိတဲ့သူဆိုရင် ငေးကြည့်မိခဲ့တာလေ။ (မကြည့်ကောင်းဘူး
တာတောင် သိမှမသိဘဲ။ ငယ်သေးတာကိုး)။

နောက်တော့ အလှအပကို ဘယ်လောက်အထိ လေ့
ခဲ့သလဲဆိုရင် "ဘယ်လိုရုပ်ရည်ရှိတဲ့သူကို မိန်းကလေးတွေ အသ
နိုက်နိုင်သလဲ" ဆိုတဲ့ မေးခွန်းကို သူငယ်ချင်းမိန်းကလေးတွေကို





ရွယ်တဲ့ကောင်မလေးတွေကိုရော အားမနာပါးမနာ မေးကြည့်ခဲ့
တယ်။

အကျဉ်းချုပ်ပြောရရင် အဖြေစကားတွေက တစ်ယောက်
မျိုး။ တိတိကျကျ ပုံသေနည်း မရှိဘူး။

နောက်ပြီး 'ဘယ်လိုရုပ်ရည်ရှိတဲ့သူကို ယောက်ျားလေးတွေ
တမ်းစွဲသလဲ' . . . ဆိုတာကိုပါ လှုံ့ဆော်အောင် မေးမြန်းခဲ့ဖူးတယ်။
အဖြေတွေလည်း ထိုနည်းလည်းကောင်းပဲ၊ အကြိုက်တစ်မျိုးစီ၊
တစ်မျိုးစီ။ 'တချို့ဆို Body Beauty ကိုတောင် ဦးစားပေးပြီး
ကြပါသေးတယ်၊ ဒါလည်း တိကျတဲ့အဖြေစကား မဟုတ်ပါဘူး။
ချို့က မျက်နှာထားလေး တင့်တယ်ရင်ကို မြတ်နိုးတတ်ကြပြန်တာ
(ခံစားချက်နဲ့ ဆုံးဖြတ်တဲ့အခါ သတ်မှတ်ချက်တွေ မတူညီကြ
လေ)။

အဲဒီတော့ . . .

ကမ္ဘာလောကမှာ ဘယ်အလှတရားက အမြင့်မြတ်ဆုံး၊
လှဆုံးဆိုတာ ကျွန်တော် မသိခဲ့ရဘူး။

※ ※ ※



www.burmeseclassic.com

www.burmeseclassic.com

[၂]

အခုတော့ . . . တွေ့ပါပြီ။ သိပြီ။

မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် . . . ဆိုတဲ့ အာရုံတွေကို အကြောင်းပြုပြီး လောဘမဖြစ်တဲ့သူ၊ ဒေါသ မဖြစ်တဲ့သူ၊ မောဟ မဖြစ်တဲ့သူဟာ အကြီးမြတ်ဆုံး ဣန္ဒြေရှင်ဆိုတာ ဉာဏ်နဲ့သိလိုက်ပါပြီ။

လောဘ၊ ဒေါသ၊ မောဟ . . . မကိန်းအောင်းသူရဲ့ နှလုံးသွေးဟာ စင်ကြယ်ပြီး ထိုသူရဲ့ခန္ဓာအနံ့မှာ ကောင်းမြတ်တဲ့ ဓာတ်သဘာဝတွေ ယှက်သန်းနေတယ်ဆိုတာ မြင်တတ်လာတဲ့အခါ ထိုသူသည်သာ မြင့်မြတ်သော အလှပိုင်ရှင်။ ထိုသူရဲ့ လောဘငြိမ်းကြောင်း ဒေါသငြိမ်းကြောင်း၊ မောဟငြိမ်းကြောင်း ဉာဏ်ဓာတ် သဘာဝတရား





တွေသာလျှင် အမြင့်မြတ်ဆုံး အလှတရားလို့ သိခဲ့ပါပြီ။

*

အဲဒီအခါ . . .

ဆယ့်ရှစ်နှစ်သားလောက်က သတ်မှတ်ခဲ့မိတဲ့ ဣန္ဒြေရှင်ဆိုတာလည်း သိမ်နုပ်သွားတော့တာပေါ့။ လူက သိမ်မွေ့ညင်သာပြီး စိတ်နှလုံးထဲ . . . လောဘ၊ ဒေါသကိန်းနေရင် ဘယ်လိုလုပ် ဣန္ဒြေ ဟုတ်ပါတော့မလဲ။

လောဘ၊ ဒေါသ၊ မောဟ . . . စိတ်နှလုံးထဲ ကိန်းနေမှတော့ သူ ဘယ်လောက်လှလှ မြင့်မြတ်သောအလှပိုင်ရှင်လို့ ဘယ်မှာသတ်မှတ်နိုင်ပါတော့မလဲ။ (ချစ်သူရေ . . . Sorry)။

*

ကျားကျား၊ မမ ရုပ်ရည်ကတော့ ချောမောပါရဲ့။ စိတ်နှလုံး



www.burmeseclassic.com

www.burmeseclassic.com



ထဲ ဟိုသူ့ပိုင်ဆိုင်မှုလည်း သူလိုချင်၊ ဒီသူ့ခံစားခွင့်ထက်လည်း သူသာချင်နေသူဆိုရင်၊ အဲဒီသူ သေချာပေါက် နှလုံးသွေးညစ်နေပြီ။

နှလုံးသွေးညစ်ပတ်နေမှတော့ အဲဒီညစ်ပတ်တဲ့ အရှိန်အဟုန် စာတ်သဘောတွေ သူ့ကိုယ်ခန္ဓာထဲမှာ ကိန်းအောင်းသွားပြီ။ ကိန်းအောင်းပါများရင် အဲဒီမကောင်းတဲ့ဓာတ် အကျိုးပေးလိမ့်မယ်။

(ဥပမာ။ ။ ပုပ်အဲ့နေတဲ့ အမှိုက်ပုံဆီကို ယင်ကောင်တွေ လာအုံသလိုမျိုး။)

အဲဒီအခါ သူ . . . (လုံးဝ) မလှတော့ပါဘူး။

စိတ်နှလုံးထဲမှာ ခုနကပြောတဲ့ သဘောဆိုးမျိုးတွေကို သတိရှိရှိ၊ ဉာဏ်ရှိရှိ ဖယ်ရှင်းနေသူရဲ့ နှလုံးသွေးဟာ တကယ်လှနေပါလိမ့်မယ်။

နှလုံးသွေးကလည်း . . . လှ၊ အရှိန်အဟုန်ကလည်း . . . လှ၊ ဓာတ်သဘောတွေကလည်း လှနေတဲ့အခါ၊ အဲဒီအကောင်းစားဓာတ်တွေ အကျိုးပေးတဲ့အခါ သူ့ဘဝဟာ ဘာနဲ့တူသလဲဆိုတော့၊ သင်းပျံ့နေတဲ့ ပန်းပွင့်လေးဆီကို လိပ်ပြာလှလှလေးတွေ ဝဲပျံနေသလိုမျိုး၊ အင်မတန် တင့်တယ်နေပါလိမ့်မယ်။

အဲဒါမှ . . . တကယ့် အလှ။

အဲဒါမှ . . . ဖြူစင်တဲ့ အလှ။





အဲဒါမှ . . . တင့်တယ်တဲ့ အလှ။

အဲဒါမှ . . . မြင့်မြတ်တဲ့ အလှ။

အမြင့်မြတ်ဆုံး အလှတရား . . . ။ ။

[၂၀၁၀၊ ဧပြီ Fashion Image မဂ္ဂဇင်း]



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

## [၁]

"ငါ့တူမက ဆယ်တန်းအောင်ပြီဆိုတော့ လင်ကောင်းသားကောင်းရဖို့ သေချာသွားပြီ။ ကြိုးစား . . . ကြိုးစား၊ တက္ကသိုလ်က ဘွဲ့မြန်မြန်ရအောင် လုပ်၊ ဒါမှ အရာရှိတို့ . . . ဘော့စ်တို့နဲ့ ဖူးစာဆုံမှာ"

အထက်ပါစကားသည် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့ပါသော တူမဖြစ်သူကို၊ အဒေါ်ဖြစ်သူက သေသေချာချာ ပြောပြ၊ ချီးမွမ်း၊ အားပေးလျက်၊ သူ့ဉာဏ်မီသလောက် အမှန်တကယ် ဆိုဆုံးမနေသော ဩဝါဒစကား ဖြစ်ပါသည်။

ကျွန်တော်က စပ်စုတတ်သူ မဟုတ်သည့်တိုင်၊ ကြားနိုင်



www.burmeseclassic.com

www.burmeseclassic.com



သော နားတစ်စုံ ရှိနေသဖြင့်၊ ကြားဖြစ်အောင် ကြားခဲ့ရသူဖြစ်၏။ မကြားချင်လျှင် ဆက်နားမထောင်ရုံသာ ရှိသည်။ ပြောသူ နာသူတို့ကို မည်သို့မျှ မဝေဖန်ချင်ပါ။

အဘယ်ကြောင့်ဆိုသော် တချို့နေရာ၊ တချို့အတွေးအခေါ်များသည်၊ တူရာ တူရာတို့တွင်သာ စုနေတတ်သောကြောင့်၊ မတူနိုင်သူအဖို့ ဝင်မစွက်ဖက်ခြင်းသည်သာ အန္တရာယ်အကင်းဆုံးဟု ကျွန်တော် ယူဆမိသဖြင့်၊ ထိုနေရာနှင့် ဝေးဝေးသို့သာ လှမ်းရွှေ့ခဲ့ရသည်။

✻

"သမီးက ကျောင်းမှာ ... ကွင်းနှ်"

အထက်ပါ အဆိုအဆုံးအမနှင့် ရှင်သန်နေလေသော တူမကလေး၏အိမ်မှာ ပြောပြသည့် ဖော်ပြပါစကားလုံးလေးများကို မက်မောဝမ်းသာနေသူများရှိနေချိန်တွင် ထိုကောင်မလေး၏ဖခင်မှာ ချောင်တပတ်ပတ်ဆိုးရင်း သူတစ်ပါးကားကို နေပူမိုးရွာ မရှောင်၊ မောင်းနှင်ပြီး ငွေရှာနေရပေသည်။

ကျိုကျိုတက် ချမ်းသာနေသော မိသားစုမှ ပေါက်ဖွားလာသော၊ ကျောင်းသူလေးတစ်ယောက်က မေကျာကွင်းနှ် ... ဟုခေါ်သော အလှဘုရင်မကော်စွက်ကို ရင်ခုန်ပိတိ ဂွမ်းဆီထိနေတာ ဘာမှမထူးခြားသကဲ့သို့ ဘာမှဝေဖန်စရာလည်း မလိုပါ။ သို့သော် အဖေလုပ်သူက ပင်ပန်းကြီးစွာ ရှန်းကန်ရှာဖွေနေရချိန်တွင် သမီးဖြစ်သူက အလှအပကိစ္စသာ ခေါင်းထဲမှာထားပြီး တက္ကသိုလ်ကျောင်းကို ကြော့ကြော့လေး သွားတက်ချင်နေတာကတော့ ဝေဖန်မည်ဆိုလျှင် ပျစ်ပျစ်နှစ်နှစ်ဝေဖန်ရပေမည်။

"ဒါကတော့ ကလေးကိုး" ... ဟု၊ အဒေါ်ဖြစ်သူများက ခြေသိမ့်ကာကွယ်ပေးတတ်ကြသေးသည်။ အဆိုပါကောင်မလေး၏အသက်၊ နှစ်ဆယ်ကျော်နေပါပြီဗျာ။ သို့သော် ကျွန်တော်နှင့် မည်သို့မျှမဆက်သက်ပါသဖြင့် မည်သို့မျှ မဝေဖန်ချင်တော့ပါ။ အနာဂတ်တွေ့ပါစေလို့တော့ ဆုတောင်းပါရဲ့။ (ဒါတောင် ကြွယ်ဝသူနဲ့ လက်ဆက်ဖြစ်မှ အနာဂတ်လှပမယ်လို့ တွေးမှတ်မျှော်လင့်နေတတ်ကြရင် ... ဒုက္ခ)။

ဩော် ... ဒုက္ခ ... ဒုက္ခ ...။ နား ဒုက္ခ။

✻ ✻ ✻

www.burmeseclassic.com

[၂]

''ငါ့မှာ သားသမီး သုံးယောက်ရှိတယ်
မနှစ်က အကြီးမ ဆယ်တန်းကျတယ်။ စိတ်ဓာ
မကျဖို့ ငါ အားပေးလိုက်တယ်။ ဘွဲ့ဝတ်စုံနဲ့ ရိုက်
ဓာတ်ပုံတစ်ပုံကို အဖေကြည့်ရရင် ပင်ပန်းရကျိုး
ပါပြီလို့ ငါ ပြောလိုက်တယ်။ အရေးကြီးတာက
သားသမီးတွေရဲ့ ဘွဲ့ရဓာတ်ပုံ ငါ့အိမ်နံရံမှာ ချိတ်
နိုင်ဖို့ပဲ။ ကျန်တာ သူတို့ဆီက ငါ ဘာမှမလိုချ
ဆိုက်ကားနင်းသူတစ်ဦး၏ (အားမာန်အပြည့်ဖြင့်)
ရင်းပြောသော မျှော်လင့်စကား ဖြစ်သည်။ ဆိုက်ကားနင်းနေသူ





ဘယ်လိုနေသည်မသိ။ ဆိုက်ကားပေါ်မှာ စီးရင်း လိုက်ပါလာရသူ
ကျွန်တော့်မှာ သူ့ကိုကြည့်ရင်း သူ့စကားနားထောင်ရင်း ရင်ထဲမှာ
ဆော်တော်မောခဲ့ရသည်။

သူ့သားသမီးများအားလုံး ဘွဲ့တွေရကြပါစေ၊ ရတဲ့ဘွဲ့လည်း
သည်ဝါပါစေ၊ ဓာတ်ပုံတစ်ပုံချိတ်ပြနိုင်သည်ထက် ပိုမိုထွန်းတောက်
သော ပညာဉာဏ်ရည်များ ကြီးကြပါစေဟု ကျွန်တော် ဆုတောင်း
ပေးမှု ပြုဖြစ်ခဲ့သည်။

လွန်ခဲ့သော တစ်လလောက်က ထိုဆိုက်ကားနင်းသူ၏သမီး
(ဆယ်တန်းမအောင်သေးသူ) အိမ်ထောင်ကျသွားပြီဟု ကျွန်တော်
သတင်းကြားပါသည်။ သတင်းအမှားဖြစ်ပါစေ ဟု အခါခါ ဆုတောင်း
ပါ၏။ ဆုတောင်းမိတိုင်း အခါခါ ခံစားရပါ၏။

ဖခင်လိုချင်သော ဓာတ်ပုံကို မပေးနိုင်ပါဘဲ အခြားဓာတ်ပုံကို
ပေးအပ်ပေတော့မည်။

ဒုက္ခ ... ဒုက္ခ ... ဘဝဒုက္ခ။

⁂ ⁂ ⁂



www.burmeseclassic.com

www.burmeseclassic.com

[၇]

"ငွေရှိရင် ပြည့်တန်ဆာတောင် လူရာဝင်ပါ
တယ်ဟယ်"

ဉာဏ်တုံးစွာပြောသော ချစ်သူမိန်းကလေးတစ်ယောက်အား ထိုစကားကို ပြောထွက်သောအမှုဖြင့် ချစ်သူအဖြစ်မှ ကျွန်တော် ပြတ်သားစွာ စွန့်ပစ်ခဲ့ဖူးသည်။

ဒါ ... လွန်ခဲ့သော နှစ်များစွာက ကိစ္စပါ။ ဒါပေမဲ့ ...။

သူ့သူငယ်ချင်း ... ကိုယ့်သူငယ်ချင်းအချို့က ဘာကြောင့် ပြတ်သွားခဲ့တာလဲ ဆိုသည်ကို တိတိကျကျ မသိကြပါဘဲလျက် သံစိမ်းချိုး ချိုးသူအဖြစ် ကျွန်တော့်အပေါ် သတ်မှတ်ကြလေသည်။





ကျွန်တော် အိမ်ထောင်ရက်သားကျပြီးသည့်တိုင် လမ်းမှာ တွေ့လျှင် သူ့သူငယ်ချင်းတချို့က စောင်းငန်း စောင်းငန်း လုပ်ချင်ကြသေးသည်။ ထိုမိန်းကလေး သူငယ်ချင်းများသည်လည်း ငွေအဓိကဝါဒီများ ဖြစ်ကြ၏။ သူတို့လည်း လူရာဝင်ကြပါပေ၏။

✲

လူရာဝင်ခြင်းအမျိုးမျိုး ရှိပါသည်။

နိုက်ကလပ်မှာ လူရာဝင်တာ၊ ကာရာအိုကေခန်းမှာ လူရာဝင်တာ၊ စားသောက်ဆိုင်မှာ လူရာဝင်တာ၊ လောင်းကစားလောကမှာ လူရာဝင်တာ၊ ပညာတတ်လောကမှာ လူရာဝင်တာ၊ ပညာရှိလောကမှာ လူရာဝင်တာ၊ အနုပညာလောကမှာ လူရာဝင်တာ၊ သူတော်စင်လောကမှာ လူရာဝင်တာ ... စသဖြင့် ကွဲပြားခြားနားသည်ကိုတော့ မည်သူ့ကိုမျှ ပြောမပြဖြစ်ခဲ့သည့်အပြင် ချစ်သူဟောင်းကိုလည်း ရှင်းမပြဖြစ်ခဲ့ပါ။

နုံနုံချာချာ ဆင်းရဲသူများကြားမှာ ဘယ်ကရမှန်းမသိတဲ့ ငွေတွေနဲ့ လူရာဝင်နိုင်တာမျိုးကတော့ ဟီရိသြတ္တပ္ပကင်းသော မည်သူ

www.burmeseclassic.com



မသိ ဆောင်ရွက်နိုင်သော လုပ်ဆောင်မှုမျိုးဖြစ်ကြောင်းလောက်တော့ ကျွန်တော် ချစ်သူဟောင်းကို ဒေါသအပြည့်ဖြင့် ပြောပြဖြစ်ခဲ့သည်။

*

ယုတ်စွအဆုံး သူ့အသိုင်းအဝိုင်းထဲမှာပင်လျှင် ခိုးကူးခွေ ဖြန့်ချိထုတ်လုပ်သည့်လုပ်ငန်းဖြင့် ကြွယ်ဝနေသူရှိသည်ကို သူ ချီးမွမ်းခဲ့ဖူးသည်။

ခိုးကူးခွေလုပ်ငန်းသည် သူခိုးလုပ်ငန်း၊ ဒုစရိုက်လုပ်ငန်း၊ အကုသိုလ်လုပ်ငန်းဖြစ်ကြောင်း သူကိုယ်တိုင်လည်း မသိ၊ သူ့အသိုင်းအဝိုင်းလည်း မသိ။ (လူတော်တော်များများလည်း မသိ)

'ခိုး' ဟူသည့် ဝေါဟာရကိုက မကောင်းမှု၏ စကားလုံးဖြစ်သည်ကို ကလေးငယ်ကအစ သိနိုင်ပေမည်။

ခိုးတယ်ဆိုရင် ဘယ်လိုခိုးခိုး သူခိုးဖြစ်၏။ ပြည်သူပိုင်ပစ္စည်းပဲခိုးခိုး၊ အနုပညာပစ္စည်းပဲခိုးခိုး . . . သူခိုးဖြစ်သည်။ ဝန်ထမ်းပဲခိုးခိုး၊ အရာရှိပဲခိုးခိုး၊ လမ်းဘေးကလူပဲ ခိုးခိုး၊ စီးပွားရေးလုပ်ငန်းရှင်ကြီးပဲ ခိုးခိုး၊ ခိုးလျှင် သူခိုးဖြစ်၏။





ငါးရောင်းရင်း အလေးခိုးခိုး၊ ရွှေရောင်းရင်း အလေးခိုးခိုး၊ ပန်းရံလုပ်ရင်း ဘိလပ်မြေခိုးခိုး၊ ပန်းထိမ်လုပ်ရင် ရွှေခိုးခိုး၊ သူခိုးစာရင်းဝင်များသာ ဖြစ်သည်။

အရာရှိနဲ့ဝန်ထမ်းတွေ ခိုးမှုနှင့် သက်ဆိုင်ရင်းရသည်ကို အရပ်ထဲက အလေးခိုးတဲ့ ဈေးသည်က ကဲ့ရဲ့နေတာမျိုး၊ ခိုးကူးခွေလုပ်တဲ့သူက လာဘ်စားတဲ့တရားသူကြီးကို မကျေနပ်တာမျိုးတွေ၊ လောကမှာ ရှိတတ်ကြလေတော့ သူခိုးအချင်းချင်း ဘယ်သူ သူခိုးမှန်းမသိဖြစ်နေပြီ။ နောက်ဆုံးတွင် သူခိုးကိုယ်တိုင်က သူ့ကိုယ်သူ သူခိုးမှန်းပင် မသိတော့။ သူခိုးဟုပင် မထင်မိတော့။ မထင်မှတ်တော့။

သူ့ထက်ပိုပြီး ကြီးကြီးမားမားခိုးသူကိုသာ သူခိုး . . . ဟု သူ ထင်မှတ်ပေတော့မည်။

ဩော် . . . ဒုက္ခ . . . ဒုက္ခ . . . သူခိုးဒုက္ခ။ အဲ . . . မဟုတ်ပါဘူး။ ဒုက္ခ . . . ဒုက္ခ . . . အချစ်ဒုက္ခ။ အင်း . . . ဒါလည်း မဟုတ်သေးဘူး။ ဟူး . . . ဒုက္ခ . . . ဒုက္ခ . . . ဟူး . . .။ ငွေ . . . ဒုက္ခ။ ဟူး . . . (သက်ပြင်းချသံ)

* * *



www.burmeseclassic.com

www.burmeseclassic.com

[၄]

တစ်ခါက ဒီဖိုင်နာတစ်ယောက်နှင့် ငြိမ်းချမ်းရေးနိမိတ်ပုံတစ်ခု ရေးဆွဲဖို့ တိုင်ပင်ခဲ့ကြသည်။ ချိုးဖြူငှက်တစ်ကောင် သံလွင်ခက်ကို ချီနေပုံမျိုးမဟုတ်ဘဲ အခြားနိမိတ်ပုံဖြင့် ရေးဆွဲပါရန် ကျွန်တော် ဒီဖိုင်နာကို တင်ပြခဲ့သည်။

သီးဖြူ၊ သီးမည်း . . . အကောင်း၊ အဆိုး၊ နိမိတ်ပုံယူလျက် ငြိမ်းချမ်းရေး၏ နိမိတ်ပုံအဖြစ် သီးဖြူလေးတစ်ကောင်ကို ဒီဖိုင်းဆင်၍ ဒီဖိုင်းနာက ကျွန်တော့်ကို ပေးအပ်ခဲ့သည်။ ကျွန်တော် လွန်စွာ မြတ်နိုးရသော ဒီဖိုင်း။

ထိုဒီဖိုင်းကိုကြည့်လျက် စာအုပ်ထုတ်ဝေသူတစ်ယောက်က





"ဒီဆိတ်ပုံကြီးက လှလည်း မလှဘူး"

ဆိတ်နှင့်သိုးကိုပင် ကွဲပြားစွာ မသိသေးသူများ ရှိနေပါသေး သည်းဟု ကျွန်တော် တွေးဖြစ်သည်။ ငြိမ်းချမ်းရေး၏နိမိတ်ပုံ၊ သိုးဖြူ လေးဟု ကျွန်တော် ရှင်းမပြဖြစ်။ လျှောင်ရယ်ဖို့လည်း ခက်ရ၏။ ခြေဖျောက်ဖို့လည်း ခက်လွန်းသည်။

ဆိတ်နှင့်သိုးကိုပင် မကွဲပြားသူအား ငြိမ်းချမ်းရေးတွေ၊ ချိုးဖြူ ငှက်တွေ၊ သံလွင်ခက်တွေအကြောင်း ကျွန်တော် ဘာဖြစ်လို့ ပြောပြ နေရတော့မှာလဲ။ (ငြော် . . . ဒုက္ခ . . . ဒုက္ခ . . . မသိဒုက္ခ)

✳

"သူတစ်ပါးအတင်းပြောရင် နှုလုံးသွေးပုပ် တယ်ဗျ။ ကျွန်တော့်နားမှာ အတင်းလာမပြောပါနဲ့"

"ဟော့ . . . ကိလေသာမကုန်သေးလို့ လူ့ရပ် မှာ နေနေတာ။ မကြားချင်ရင် နားပိတ်ထား။ နှလုံး သွေးပုပ်သလေး ဘာလေးနဲ့ လာမစော်ကားနဲ့"

အပေါ်စကားပိုဒ်သည် ကျွန်တော့်စကားပိုဒ်ဖြစ်ပြီး အောက်



www.burmeseclassic.com

www.burmeseclassic.com



စကားပိုဒ်သည် အသက်ခြောက်ဆယ်ကျော်အရွယ် အဒေါ်ကြီးတ
ယောက်၏ တုံ့ပြန်စကားဖြစ်ပါသည်။

လက်တစ်ချပ်စာခန့်ရှိသော နှလုံးသွေးမှတစ်ဆင့် တစ်ကိုယ်
လုံးသို့ သွေးလည်ပတ်လေ့ရှိပြီး နှလုံးသွေးအနေအထားမှာ စိတ်
အခြေပြုကာ အာရုံကိုမှီလျက် အရောင်အသွေး အရှိန်အဟုန် ဓာ
သဘာဝ ပြောင်းလဲတတ်ကြောင်းတွေကို မသိရှာသော ထိုအဒေါ်ကြီ
က၊ ကိလေသာမကုန်သေးဘူးဟု သူ့ကိုယ်သူ ဝန်ခံနေပါလျက် 'ရ
ရပ်ရွာမှာ နေရင်းလည်း နှလုံးကြည်အောင် ဆောင်ရွက်လို့ရပါတယ်
. . . ဟု၊ ကျွန်တော် ဘယ်လိုလုပ် ပြောခွင့်ရမှာတဲ့လဲ နော်။

ကိလေသာ ကုန်ကုန်၊ မကုန်ကုန် သာမန်လူတိုင်းနှလုံးသွေ
စင်ကြယ်ဖို့အတွက် စိတ်အာရုံစင်ကြယ်ရန်လိုကြောင်း ကျွန်တေ
ဘယ်သူတွေကို ပြောပြရင် ကောင်းမလဲ။

စိတ်၊ အာရုံကြောင့် နှလုံးသွေးမှတစ်ဆင့် ခန္ဓာအနေအထာ
အရှိန်အဟုန် ဓာတ်သဘာဝ ပြောင်းလဲပြီး ဘဝအနေအထားပါ ပြော
လဲနေတတ်ကြောင်း ဘယ်သူတွေကို ကျွန်တော်ပြောပြရရင် ကော
မလဲ။

လူတော်တော်များများ ကြားနာဖူးသော ဩဝါဒတစ်ခု ရှိ
သည်။





နိဗ္ဗာန်လိုချင်ရင် သူများအတင်းမပြောနဲ့။
ချမ်းသာလိုချင်ရင် သူများအတင်းမပြောနဲ့။

ထွန့်ခေါင်ဆရာတော်

အထက်ပါဩဝါဒတော်ကို တစ်ဖက်ပါ အဒေါ်ကြီး ကြားနာဖူးမည်မထင်ပါ။ ကြားနာဖူးစေချင်ပါသည်။ ကြားနာနိုင်စေချင်ပါသည်။

(အင်း . . . ဒုက္ခ . . . ဒုက္ခ . . . အတင်းဒုက္ခ)

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

[၅]

ထိုးသွင်းဒဏ်ရာ၊ ဓားခုတ်ဒဏ်ရာတို့ကြောင့် မည်သူမဆို သေစေနိုင်ပါသည်။ ပြတ်ရှ ဒဏ်ရာ၊ ပွန်းပဲ့ဒဏ်ရာတို့ကြောင့်လည်း အန္တရာယ်ကြီးစေနိုင်ပါသည်။

အနည်းငယ်မျှသော ထိရှသည့် ဒဏ်ရာမျိုးကတော့ အန္တရာယ် သိပ်မကြီးမားတတ်ပါ။ ဒါပေမဲ့ . . . ပုလင်းကွဲ၊ မှန်ကွဲ၊ သံပြား၊ ဓား အစရှိသည့် ထက်သောအရာတို့ဖြင့် ထိရှဖူးသူတိုင်း သိပါလိမ့်မည်။ ရှသည့်ဝေဒနာသည်လည်း တော်တော်တော့ ခံစားရပါသည်။ ပိုးဝင်လျှင် သေပင် သေစေနိုင်ပြန်သည်။

✻





ကျွန်တော့်နှလုံးသား[illegible]ရုံများမှတစ်ဆင့် ခဏခဏ အထိ အရှ ခံနေရပါသည်။ ခံယူမိသဖြင့် ခံစားရခြင်းဖြစ်ကြောင်း ကျွန်တော် ကိုယ့်ကိုယ်ကိုယ် သိပါသည်။

ရှဖန်များသောအခါ ကျွန်တော့်နှလုံးသွေးတို့သည်လည်း အရောင်ပြောင်းသွားနိုင်ပါသည်။ (အရောင်ပြောင်းလျှင် ကျွန်တော် အရှုံး၊ အရောင်ကြည်လျှင် ကျွန်တော် အမှန်)။ ရှတဲ့အကြောင်းတွေ ရေးနေမိသဖြင့် အခုလောလောဆယ် ကျွန်တော့်နှလုံးသွေးသည် မှင်စက်အရောင်သို့ ပြောင်းလဲနေပြီဟု ယူဆချင်ပါ၏။ ။

များများ ရှ၊ များများ ပြာ၊
များများ နီ၊ များများ နက်၊
များများ စိမ်း၊ များများ ပုပ်။

2009- Jun 6

2:45 (a.m)

[2010 ဇန်နဝါရီ Perfect မဂ္ဂဇင်း]



www.burmeseclassic.com

www.burmeseclassic.com

# ရှက်

www.burmeseclassic.com

www.burmeseclassic.com

[၇]

လမ်းလယ်ကောင်မှာ ဖိနပ်ပြုတ်သွားဖူးပါသလား။ ထိုအဖြစ်ဆိုးမျိုးကို ကျွန်တော် ခဏ ခဏ ကြုံဖူးခဲ့ပါသည်။

လူ (ယောကျ်ားလေး၊ မိန်းကလေး) တစ်ယောက်ယောက်၊ ထိုအဖြစ်မျိုး (လမ်းလယ်ကောင်မှာ ဖြစ်သွားလျှင်) တချို့သော လူပိန်းများက ရယ်ချင်သလိုလို၊ လှောင်ချင်သလိုလို မျက်လုံးမျိုးတွေဖြင့် ကြည့်တတ်၊ ပြုံးတတ်ကြသည်ကို ကြုံဖူးမှ သိမြင်ပေမည်။

ထိုကိစ္စမျိုးနှင့်ပတ်သက်ပြီး ကျွန်တော် . . . တစ်ခါမျှ မရှက်ခဲ့ဖူးပါ။ (အဘယ်ကြောင့်ဆိုသော် ဖိနပ်ပြုတ်သွားခြင်းသည်၊ ခြေထောက်ပြုတ်သွားခြင်း မဟုတ်သကဲ့သို့၊ လျှောက်လှမ်းနေသည့် ခရီး



www.burmeseclassic.com

www.burmeseclassic.com



လမ်းကြီး ပျက်စီးကွယ်ပျောက်သွားခြင်းလည်း မဟုတ်ပါ)။ ထို့ကြောင့် ထိုကိစ္စကို ရက်စရာကိစ္စဟု တစ်ခါမျှ မယူဆခဲ့ဖူးသည့်အပြင် ပြတ်သွားသော . . . ဖိနပ် လတ်လတ်ဆတ်ဆတ်ရှိနေသေးလျှင်၊ မပြတ်သော ဖိနပ်တစ်ဖက်ကိုစီးလျက်၊ ပြတ်သောဖိနပ်တစ်ဖက်ကို လက်ဖြင့် သေသေချာချာကိုင်လျက်၊ ပြန်ယူခဲ့ပါသည်။

တချို့က ရက်ကိုးရက်ကန်းဖြင့် (တစ်ဖက်တည်းပြတ်တာကို) နှစ်ဖက်စလုံး လွှင့်ပစ်ခဲ့ကြ၏။ ဒါ . . . တော်တော်နှမြောစရာကောင်းသော လုပ်ရပ်ဖြစ်သည်။

ဖိနပ်ပြတ်သွားတုန်းကလည်း ရက်တတ်ကြသည်။ ပြတ်သွားသည့်တစ်ဖက်ကို ပြန်ချုပ်စီးဖို့ ယူလာရမည်ကိုလည်း ရက်တတ်ကြပြန်သည်။ ကိုယ့်ပစ္စည်းနှင့်ကိုယ် နှစ်ခါတောင် ရက်နေကြ၏။

(အင်မတန် ဆုံးရှုံးပါသည်)

တချို့ဆိုလျှင် ပြတ်သည့်ဘက်ရော၊ မပြတ်သည့်ဘက်ရော . . . (နှစ်ဖက်စလုံး) ကို အေးအေးဆေးဆေးအမှုအရာဖြင့် လွှင့်ပစ်ခဲ့သည့်အပြင်၊ အိမ်မှာ နောက်ထပ် ဖိနပ်တစ်ဒါဇင်လောက်ရှိသည့် အိုက်တင်မျိုးဖြင့်၊ ဝန်းကျင်ကို မသိမသာအကဲခတ်လျက်၊ ကြွားဝါသွားတတ်ကြသေးသည်။ အမှန်တကယ်က၊ ထိုသူ၏ အိမ်မှာ နောက်ထပ်၊ မည်သည့်ဖိနပ်မျှ မရှိတော့ပါ။





ဒါမျိုး အိမ်မှာ အများကြီးပဲ . . . ဟူသော၊ ကြွားဝါချင်စိတ်ကြောင့်လည်း၊ ကိုယ့်ဖိနပ်ကိုယ် ပြန်ကောက်ချုပ်စီးရမည့်အခွင့်အရေး ဆုံးရှုံးရလေသည်။ ရက်စရာဆိုတာ ဘာလဲဟု သေသေချာချာ မသိဘဲနဲ့တော့၊ ဖိနပ်ပြတ်တာလောက်ကိစ္စဖြင့်၊ လမ်းလယ်ကောင်မှာ ရက်နေဖို့ ကျွန်တော် တစ်ခါမှ မတွေးတော့ဖူးပါ။

ဖိနပ်သည်းကြိုးလေး ကျန်နေသေးလျှင်၊ ဖိနပ် အခေါင်ကြိုး ရှည်နေသေးလျှင်၊ တွေ့ကရာအချွန်အတက်တစ်ခုခုဖြင့်၊ ပလက်ဖောင်းပေါ်မှာထိုင်ရင်း၊ ပြန်လည်ပြုပြင် မွမ်းမံနေခဲ့သည်များလည်း၊ ရှိခဲ့ပါသေးသည်။

*

အသားကင်ထိုးသော ဝါးတုတ်ချွန်ချွန်လေးများသည်၊ ဖိနပ်သည်းကြိုးပြုတ်ထွက်ရုံမျှလောက်ကို၊ လွန်စွာကူညီနိုင်သော အရေးပေါ်ကိရိယာလေးဖြစ်ကြောင်း၊ ကျွန်တော် အကြံပေးချင်ပါသည်။

အကယ်၍ သင်၏ဖိနပ်သည်းကြိုး ခပ်ရှန်းရှန်းလေးဖြစ်နေပြီဆိုလျှင်၊ သင်, ပထမဦးဆုံး လုပ်ရမည့်အလုပ်မှာ အသားကင်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆိုင်ကို အမြန်ဆုံးရှာဖွေရမည်ဖြစ်ပြီး ရှေ့ဦးသူနာပြုနည်းအတွ
ဝါးတုတ်ချွန်ချွန်ဖြင့် ထိုးထားသည့် အသားကင်နှစ်ကင်လောက်
ဝယ်ယူထားရမည်။ ဖိနပ်ချုပ်ဆိုင် ဘယ်နားမှာလဲ . . . ဆိုတာကို
ထိုအသားကင်ဆိုင်မှာပင် မေးမြန်းခဲ့ရပေမည်။

ထိုသို့ ကြိုတင်ပြင်ဆင်ထားပါလျက်၊ ကံဆိုးမှုကို ရင်ဆို
ပြီဆိုလျှင်တော့ (မိန်းကလေးဖြစ်စေ၊ ယောကျ်ားလေးဖြစ်စေ) ကျွ
တော်ကဲ့သို့ ပြတ်သွားသောဖိနပ်ကို၊ ကိုယ်တိုင် မွမ်းမံသင့်ပါသည်

'ယောကျ်ားလေးက ကိစ္စမရှိပါဘူး။ မိန်းကလေးက လမ်း
ပေါ်မှာ ဖိနပ်ကြိုးကိုကိုင်ပြီး တုတ်နဲ့ထိုးနေရမှာဆိုတော့ ရှက်စရာကြ
တစ်ရက်က နှစ်ရက် . . ." စသော စကားမျိုးဖြင့်၊ ကျွန်တော်
အထွန့်တက်ခဲ့ဖူးသော ကောင်မလေးတစ်ယောက်အား၊ အောက်
အတိုင်း ကျွန်တော် ပြောပြဖူးပါသည်။

"လမ်းမပေါ်မှာ ဖိနပ်ပြတ်သွားတာ အ
. . . အင်မတန် ရှက်စရာကောင်းတဲ့ကိစ္စကြီးပါခ
လို့ ကမ္ဘာ့ကုလသမဂ္ဂက ပြောထားသလား"

"အဲဒီလိုတော့ . . . မဟုတ်ဘူးပေါ့"

"လူရှေ့ သူရှေ့ လမ်းမလယ်ကောင်မှာ ဖိ
ပြတ်သွားတာ၊ ဖိနပ်ထိုင်ပြင်ရမှာကို နင် ရှက်





ပေါ့"

"အင်း ရှက်တယ်"

"မရှက်နဲ့လို့တော့ မတားပါဘူး။ ကိုယ့်စိတ်နဲ့
ကိုယ်ပဲ။ လွတ်လပ်စွာ . . . ရှက်။ တစ်ခုတော့ ပြော
ချင်တယ်။ အဲ . . . ပြောပြထားချင်တယ်။ လိုရင်
. . . သုံးပေါ့"

"ပြော"

"လမ်းမလယ်ကောင်၊ လူရှေ့သူရှေ့မှာ ဖိနပ်
ပြတ်တာကို ရှက်တတ်တယ်ဆိုရင်၊ ဖိနပ်ပြတ်တာ
ထက် နှိမ့်ကျတဲ့၊ ပိုပြီးရှက်ဖို့ကောင်းတဲ့၊ ပိုပြီးဆိုးရွား
တဲ့ အမှားမျိုး လူ့နောက်ကွယ်မှာ မလုပ်မိစေနဲ့"

'ဘာမှမဆိုင်ဘူး' . . . ဟု၊ ကောင်မလေးက ကျွန်တော့်ကို
ပြန်ပြောပါသည်။

"လူမသိ သူမသိ လာဘ်စားနေတဲ့သူနဲ့၊
လမ်းလယ်ကောင်မှာ ဖိနပ်ပြတ်နေတဲ့သူ၊ ဘယ်သူက
ပိုရှက်ဖို့ကောင်းသလဲ . . .၊

ကိုယ်ပိုင်အရည်အချင်းမရှိဘဲ နိုးစပ်ရာကို ဒူး
ထောက်ကျွန်ခံပြီး ထည်ဝါကြွယ်ဝနေတဲ့သူနဲ့၊ လမ်း



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာ ကိုယ့်ဖိနပ်ကိုယ် ထိုင်ချုပ်နေတဲ့သူ၊ ဘယ်သူ
က ပိုရှက်ဖို့ကောင်းလဲ . . . ၊

ဘဝတူ လူ . . . အချင်းချင်းအပေါ် မစာနာ
မညှာတာတတ်တဲ့ ဘယ်သူ့သေသေ ငတေမာရင်
ပြီးရောဆိုတဲ့ လူစားမျိုးနဲ့ ကိုယ့်ဖိနပ်ကိုယ် ပြတ်သွား
တာတောင် နှမြောတတ်တဲ့သူ၊ ဘယ်သူ ရှက်သင့်
သလဲ''

'ဘာမှမဆိုင်ဘူး' . . . ဟု၊ ကောင်မလေး မပြောတော့ဘဲ
. . . 'သြော် . . . ဟုတ်သားပဲ' . . . ဟု၊ လေသံနွဲ့စွာ ပြောသွားသည်။

*

ရှက်နေသူကို မည်သူမျှ လာကူညီလိမ့်မည် မဟုတ်ပါ။ အဘယ်
ကြောင့်ဆိုသော် သင် ရှက်သွားမှာစိုးသောကြောင့်ဖြစ်၏။

အကယ်၍သာ သင်သည် မရှက်မရွံ့ဘဲ ကိုယ့်ဖိနပ်ကိုယ်
တုတ်ချွန်ချွန်လေးဖြင့် ဟိုထိုး ဒီထိုးလုပ်နေပါက ဒီထက်ပိုကောင်းသော
အချွန်အတက်တစ်ခုခုဖြင့် တစ်စုံတစ်ယောက်က သင့်ကို လာကူညီ





ပါလိမ့်မည်။

လောကဝန်းကျင်၌၊ လှောင်ပြောင်ပြက်ရယ်လျက်၊ စာနာ
ရားခေါင်းပါးကာ စပ်စုရုံ စကားတင်းဆိုရုံမျှသာ စိတ်ဝင်စားသူတွေ
ရှိတတ်သကဲ့သို့၊ စာနာထောက်ထားစွာ ကူညီရိုင်းပင်းတတ်သူများ
လည်း၊ ရှိနေနိုင်ပါသည်။

အရေးကြီးတာက သင်ကိုယ်တိုင် မရှက်သင့်သည်ကို မရှက်
ရန်သာ ဖြစ်၏။ ရှက်သင့်သည်ကိုတော့ သေသေချာချာ ရှက်တတ်ရ
ပေမည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

[၂]

"ငါ့နှာခေါင်းပြင်ရဦးမယ်။ ပိုက်ဆံက မရှိဘူး။ အမှန်က တစ်ကိုယ်လုံး ပြင်ချင်တာ"

"နင့်နှာခေါင်းက ဘယ်မှာပြင်မှာလဲ။ ငါက ...၊ ဟို ..."

"...။..."

သင် ...။ မယုံကြည်လျှင် နေပါ။ မယုံကြည်ခွင့်ရှိပါသည်။ အထက်ပါ စကားလုံးများကို အသက် နှစ်ဆယ့်ငါးဝန်းကျင်ရှိသော မိန်းကလေးသုံးဦး၊ ကျွန်တော် ထမင်းစားနေသော လမ်းဘေးထမင်းဆိုင်လေးထဲတွင် ကျွန်တော်၏နှစ်တောင်အကွာလောက်၌ ဂုဏ်ယူ





ကြားဝါစွာ ပြောဆိုနေကြသော စကားလုံးများဖြစ်ပါသည်။

သင် ... မယုံကြည်လျှင် နေပါ။ မယုံကြည်ခွင့် ရှိပါသည်။

လမ်းပေါ်တွင် ဖိနပ်ပြတ်လျှင် ဘယ်တုန်းကမှ မရှက်တတ်သော၊ လူလယ်ကောင်မှာ လုံချည်ကွင်းသိုင်းပြီး လျှောက်ဖို့ကိုပင် ...တုန်းက မရှက်တတ်ခဲ့သော၊ ဘာပဲလုပ်လုပ် ဘယ်သူ့ကိုမှ ဂရု ...ိုက်တတ်ခဲ့သော၊ ပေပေတေတေ ကျွန်တော့်လိုကောင်က အထက် ... (ညစာစားနေရင်း နီးကပ်ကျယ်လောင်စွာ ကြားနာခဲ့ရသည့်) ည ...ားများကို ကြားကြားချင်း အလွန် ...အင်မတန် ...တော် ...ာ်လေး ..., သိပ်ပြီး ..., နားရှက်ခဲ့ပါသည်။

အကယ်၍ အဲဒီမိန်းကလေးတွေ လမ်းလယ်ကောင်မှာ ဖိနပ် ...တ်မည်ဆိုပါလျှင် သူတို့ ... ထိုအရှက်စိတ်ဖြင့် ပွဲချင်းပြီး ကွယ်လွန် ...ားနိုင်ပါသည်။ သို့သော် ... ဒါပေမဲ့ .. ဟို ... အဲဒီ သူတို့ ဂုဏ် ...ယင့်စားစွာ ပြောဆိုခဲ့ကြသော စကားလုံးများက အမှန်တကယ် ...န်တော်ပါ ပွဲချင်းပြီး သေဆုံးသွားရလောက်အောင် တုန်လှုပ်ဖွယ် ...သည်ကိုတော့ သူတို့သိအောင် ကျွန်တော် မည်သို့မျှ မကြိုးပမ်းမိ ...။ အဘယ်ကြောင့်ဆိုသော် ကျွန်တော် တော်တော်ရှက်ပြီး တော် ...ာ်လေး ပျို့အန်ချင်ခဲ့သောကြောင့်ဖြစ်၏။

မိတ်ဆွေခင်ဗျား ...။ လမ်းမပေါ်မှာ ဖိနပ်ပြတ်ရုံလောက်



www.burmeseclassic.com

www.burmeseclassic.com



ကို မရှက်ကြဖို့ကိုသာ ကျွန်တော် ရဲရဲဝံ့ဝံ့ပြောခွင့်ရှိပါသည်။ ကျန်တာတော့ သိပ်ပြောခွင့်မရှိပါ။

ဘာဖြစ်လို့လဲ . . . ဆိုတော့၊ သူတို့ . . . သူတို့ . . . သူတို့ . . . တစ်တွေမှာ၊ မိဘ, ဆရာ, ဆွေတွေ, မျိုးတွေ . . . ရှိနေကြလိမ့်မည်ဟု ကျွန်တော် ယူဆထားသောကြောင့် ဖြစ်၏။ (အို . . . မိတ်ဆွေတို့။ ဘယ်မှာဖိနပ်ပြတ်ပြတ် မရှက်ပါနှင့်)

*

"ငါ ဘာကိုမှ မကြောက်ခဲ့ဘူး သူငယ်ချင်း။ သေမှာလည်း မကြောက်ဘူး။ သတ်မှာလည်း မကြောက်ဘူး။

ဒါပေမဲ့ ငါ . . . အခု ကြောက်သွားပြီ၊ သေမှာ သတ်မှာကို ကြောက်တာ မဟုတ်ဘူး။

မသေခင်မှာ မကောင်းမှုကို ပြုမိမှာ ကြောက်တတ်လာပြီ"

"ဘာ . . . ဖြစ်လို့လဲ"





"အကောင်းစားတွေ နည်းသွားပြီ . . . ဆိုတာ။ ငါ . . . သိလိုက်လို့"

"ဟိုတုန်းကတော့ ဘာမှ မကြောက်ဘူးဆို"

"ဟုတ်တယ်။ ဟိုတုန်းက ဘာမှ၊ ဘာကိုမှ မကြောက်ဘူး။

ဒါပေမဲ့ . . . အကြောက်မရှိတဲ့သူက အရှက်တော့ ရှိသင့်တယ် . . . လို့၊ တွေးမိတာ။ အခု . . .

ကြောက်သင့်တာကို ကြောက်ပြီး ရှက်သင့်တာကို ရှက်နေပြီ။ အဲ . . .

ဖိနပ်ပြတ်တာတော့ မရှက်ဘူး"

ကျွန်တော့် စကားဟောင်းကြောင့် သူငယ်ချင်းဖြစ်သူ ရယ်မောသည်။

"မင်း . . . တွေးမိတာကို ပြောပြလေ။ ငါ့ကို . . ."

"ဟိုဟာလည်း လိုချင်၊ ဒါလည်း လိုချင်။ ဟိုလူ့ကို သတ်ချင်၊ ဒီလူ့ကို ဆော်ချင်။ ဟိုဟာကို မကျေနပ်၊ ဒီဟာကို မနှစ်မြို့။

စိတ်ထဲ တော်တော်များနေတာကို သတိထား



www.burmeseclassic.com

www.burmeseclassic.com



ပြီး ကြည့်လိုက်မိတာ။ ငါ့စိတ်က စိတ်နဲ့မတူဘဲ အမှိုက်ပုံကြီးနဲ့ တူနေတယ်။

စိတ်ထားလှဖို့ လိုပေသည်လို့ ဒီလောက် သီချင်းတွေ အော်အော်ဆိုပါလျက် ငါ့စိတ်က မလှတဲ့ အပြင် ညစ်ပတ်စုတ်ပြတ်နေတာကွ။

ကိုယ့်အညစ်အပတ်ကို ကိုယ့်ဘာသာတွေး၊ ကိုယ့်ဘာသာရှုံပြီး ကိုယ့်ဘာသာရှက်မိသွားတာလောက်၊ ရှက်ဖို့ကောင်းတာ မရှိဘူး''

''ဒါ . . . ရှက်စရာမဟုတ်ပါဘူး။

ဒါ . . . ကြည်နူးစရာပါကွ''

ကျွန်တော် မကြည်နူးဖြစ်ခဲ့ပါ။

''တော်တော်များများက စိတ်ကိုကြည့်၊ စိတ်ကိုကြည့်ပဲ ပြောနေကြတယ်။

ညစ်ပတ်နေတဲ့စိတ်ကို မရှက်တတ်တဲ့ စိတ်နဲ့ ကြည့်နေလို့ကတော့ . . .

အညှီအပုပ် မစင်တွေထဲ လောက်ထိုးနေတာကို၊ တိမ်စိုင်တိမ်လိပ်တွေထဲ နတ်သမီး၊ နတ်သားတွေ၊ က,နေတယ်ပဲ ထင်တော့မှာပေ့ါ။





ညစ်ပတ်တဲ့စိတ်ကို ရှက်တတ်တဲ့စိတ်နဲ့ကြည့်မှ ၊ ဘယ်ဟာ တကယ့်အရှက်တရား၊ ဘယ်ဟာ တကယ့်အကြောက်တရားဆိုတာ သိမှာ''

'စိတ်ကတော့ အမိကပဲဆို' . . . ဟု၊ သူ မေးပြော ပြောသည်။ ကျွန်တော်က . . . ,

''ဟုတ်တယ်။ စိတ်က အမိကပဲ။ အဲ . . . အမိက အခြေခံပဲ။ ပြီးတော့ စိတ်က ရုပ်နဲ့ အတူ၊ တစ်ပြိုင်တည်း ပျက်တယ်။ ဘယ်စိတ်ဖြစ်ဖြစ်၊ မမြဲဘူး။ ပျက်တယ်။ ပျက်ဖို့ခဲယဉ်းတာ . . . ဉာဏ်''

''ဉာဏ်က . . . မပျက်ဘူးလား''

''အင်း . . . မပျက်ဘူး။ မင်းကို၊ ငါ . . , တစ်ခုမေးမယ်''

''မေး''

''ငယ်ငယ်က ချော်လဲတုန်းက ခြေထောက်ပွဲသွားတာ နာတယ်မဟုတ်လား''

''နာတာပေ့ါ''

''အခု အဲဒီနာတဲ့စိတ်၊ ရှိသေးလား''

'မရှိတော့ဘူး' . . . ဟု၊ သူ ဖြေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ငယ်ငယ်က သင်ခဲ့ရတဲ့ တစ်အပေါင်းတစ်၊ ညီမျှခြင်း နှစ်။ မင်း ... မေ့ပြီလား"

"ဟာ ... အဲဒါတော့ မမေ့ဘူး။ အခုထိ မှတ်မိနေတယ်လေ"

"အေး ... အဲဒါဉာဏ်၊ ရိုးရိုးမှတ်ဉာဏ်။ အဲဒီ မှတ်ဉာဏ်တောင် ဒီလောက် ခိုင်မာနေရင် မင်္ဂဉာဏ်၊ ဖိုလ်ဉာဏ်ဆိုတာ ဘယ်လိုဉာဏ်မျိုးလဲလို့ တွေးပြီး လေ့လာသင့်တယ်"

"မင်း တရားရသွားတာလား"

"ဟင့်အင်း မဟုတ်ဘူး။

ငါ ... ရှက်တတ်သွားတာ။ ရှက်တတ်မှ လည်း၊ ကြောက်တတ်တယ်ကွ"

"မင်း ... ငါ့ကို ဘာညွှန်ကြားမလဲ၊ ငါ ... မင်းလို ရှက်တတ်ချင်လို့။ ဘာဖြစ်လို့လဲဆိုတော့ ငါက ဖိနပ်ပြတ်တာလောက်တောင် ရှက်စိတ်မွန်တယ် လေ"

"ငါ ဘာမှ မညွှန်တတ်ပါဘူး။ ငါက လူဆိုး ပါ။ လမ်းသရဲပါ။ ဘာမှမကြောက်တတ်ခဲ့တဲ့ကောင်





ပါ။

လမ်းသရဲတစ်ယောက်က ဘာသင်တတ်မှာ လဲ။ အေး ... မင်း တိုက်ဆိုင်ရင်တော့ ယူပေါ့။

ဖိနပ်စီးပြီး ခရီးသွားတာဟာ ဖိနပ်က ခရီး သွားတာမဟုတ်ဘူး။ ဖိနပ်က ခရီးကို ထောက်ပံ့ရုံပဲ ထောက်ပံ့တာ။

လူ့ဉာဏ်ကသာလျှင် ခရီးကို ဦးဆောင် တယ်"

"ငါ နားမလည်ဘူး"

"နားမလည်လည်း စကားလုံးအဖြစ်ပဲ မှတ် ထားပေါ့ကွာ။ နောက် အဆင်ပြေမှ ယူသုံးပေါ့။

စိတ်က ... အရာရာကို အခြေခံတယ်။

ဒါပေမဲ့ ... ဉာဏ်ရဲ့လက်အောက်ခံပဲ။

ဒါပေမဲ့ ... ဉာဏ်ဆိုတာ ဖြစ်ပေါ်လာဖို့ စိတ် ကို အရင်အခြေခံရတယ်"

"အင်း"

"ထပ်ပြောမယ်။ ဘယ်ခရီးသွားသွား ဖိနပ် လိုတယ်။ ဖိနပ်ကို စီးနင်းသွားရတယ်။ ဒါပေမဲ့ ခရီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခွင်လုံးကိုတော့ ဉာဏ်ကသာလျှင် ဦးဆော
တယ်။

တကယ့်ခရီးအဆုံးကို ရောက်သွားရတာဟ
စိတ် . . . မဟုတ်ဘူး။

ဉာဏ်''

''အေး''

''စိတ်ကို စိတ်နဲ့ကြည့်ဖို့ သတိလိုတယ်
သတိနဲ့ ကြည့်ပြီး သတိထားလာတတ်တဲ့အခါ၊ ရှ
တတ်တဲ့စိတ်ဖြစ်တယ်။

ရှက်တတ်တဲ့စိတ်ကို အခြေခံလိုက်တာ
ဘယ်အရာ . . . ဘယ်ကိစ္စဟာ ရှက်စရာ၊ ဘယ်အ
. . . ဘယ်အဆဟာ ကြောက်စရာလို့၊ သိ . . .
. . . ခံယူနိုင်လာတာ။ အဲဒါ . . . ဉာဏ်''

''သြော်''

သူငယ်ချင်းဖြစ်သူ၏ 'အင်း'၊ 'အေး'၊ 'သြော်' . . . အသုံး
ကျွန်တော်က . . .

''မင်း . . . ဖိနပ်ပြုတ်ရင် ရှက်ဦးမှာလား''

''ဟင့်အင်း . . .။ ဒါပေမဲ့ . . . ငါ . . . အေ





ရှက်နေတယ်''

''ဘာဖြစ်လို့လဲ''

''မင်းပြောတာတွေကို ငါ . . . နားမလည်လို့''

''မရှက်ပါနဲ့ကွာ။ တကယ်ရှက်တယ်ဆိုရင်
တော့ စိတ်နဲ့ မရှက်နဲ့၊ ဉာဏ်နဲ့ရှက်။

ဉာဏ်နဲ့ ရှက်တတ်ပြီဆိုရင် လမ်းဘေးမှာ
ထမင်းစားရမှာလည်း မရှက်တော့ဘူး။ အကျႌအနွမ်း
လေး ဝတ်ရတာကိုလည်း မရှက်တော့ဘူး။

နိုင်ငံခြားမှာ စျေးဝယ်မထွက်နိုင်လို့လည်း မ
ရှက်တော့ဘူး။ ကားမစီးနိုင်တာကိုလည်း မရှက်
တော့ဘူး။

ဘာဖြစ်လို့လဲဆိုတော့ . . . သူက အရေးကြီး
တာကိုပဲ ရှက်တတ်သွားပြီ၊ တခြားအရေးမပါတဲ့ကိစ္စ
တွေမှာ . . . လုံးဝ . . . မရှက်တော့ဘူး။

ဥပမာ လမ်းမလယ်ကောင်မှာ ဖိနပ်ပြုတ်ရင်
ငါ့ရဲ့ကိုယ့်ကျင့်သီလ ပြုတ်တောက်သွားတာမှ မဟုတ်
တာလို့ တွေးပြီး . . .

အေးအေးဆေးဆေး၊ အေးအေးဆေးဆေး

www.burmeseclassic.com

မောင်လှမျိုး (ချင်းရောင်ခြည်)

. . . ဖြစ်သွားတာ''

ပြောပြီး ကျွန်တော် ပြုံးနေလိုက်ပါသည်။

ကျွန်တော့်သူငယ်ချင်းထံတွင် ရှက်ပြုံးပါးပါးလေးမျှသာ ကျန်တော့သည်။ စိနပ်ပြတ်တာလောက်ကို သူ . . . ရှက်ချင်တော့မည် မဟုတ်။ ။

2009- Nov 15

12:00 (p.m)

[Perfect မဂ္ဂဇင်း၊ မတ် ၂၀၁၀]



# လောကဗဟိုတ်စာ

www.burmeseclassic.com

www.burmeseclassic.com

[၁]

ဟေး . . . မောင်လှမျိုး။ အကြောင်းမရှိ အကြောင်းရှာပြီး ငါ့ကို ခဏခဏ အော် အော်ခေါ်နေတဲ့ကောင်။ မင်း ဘာကောင်လဲ။

အသင်လောက၊ အသင်လောကနဲ့ ငါ့ကို မင်း ဘာဖြစ်လို့ လှမ်း့လှမ်းခေါ်နေရတာလဲ။ မင်းတင်မဟုတ်ဘူး။ တချို့လူတွေလည်း ငါ့ကို လှမ်းလှမ်းခေါ်တယ်။ ဘာဖြစ်လို့ ခေါ်နေကြရတာလဲ။

တချို့များ ပြောကြသေးတယ်။ 'လောကကြီးက မာယာများသလေး ဘာလေးနဲ့'။ မင်းတို့တစ်တွေ မှားနေကြပြီ မောင်လှမျိုး။

* * *



www.burmeseclassic.com

www.burmeseclassic.com

[၂]

မင်း ... သေသေချာချာ စဉ်းစားကြည့်စမ်းပါဦးကွာ
'လောကကြီး' ... လို့ မင်း ခေါ်ခေါ်နေတဲ့ ငါက 'လောက' ဆိုင်
ဓေါဟာရပဲ ရှိတာပါကွဲ။ တစ်ခုခုကို စီစဉ်ဖန်တီးနေတဲ့ အကော
ပလောင်ကြီးအဖြစ် ရှိနေတာ မဟုတ်ပါဘူး။ ခေါ်ဝေါ်ဖို့အတွက် အမ
အတပ်ခံရတဲ့ သညာတစ်ခုပါပဲကွာ။

ဒါကို မင်းသိလျက်နဲ့ ... 'အို ... အသင်လောက'
အော်အော်ပြီး ငါ့ကို တိုင်တည်သလိုလို၊ မကျေနပ်သလိုလိုနဲ့ ငါ့အ
မင်း အပြစ်တွေ ပုံချလွှန်းတယ်ကွာ။

နောက်နောင် အပြောအဆို ဆင်ခြင်စမ်းပါကွာ။ လောက





ဆိုတာ တကယ်မရှိပါဘူး။ အဝန်းအဝိုင်း အကန့်အသတ်တစ်ခုခုကို ခေါ်ဝေါ်တဲ့ အမည်နာမပါကွာ။

ဥပမာ ဗြဟ္မာတွေရှိတဲ့နေရာ အခြေအနေ၊ အဝန်းအဝိုင်း၊ အကန့်အသတ်ကို ဗြဟ္မာလောကလို့ခေါ်ပြီး နတ်တွေရှိတဲ့နေရာ အခြေအနေ၊ အဝန်းအဝိုင်း၊ အကန့်အသတ်ကို နတ်လောကလို့ ခေါ်ကြသလို မင်းတို့လူတွေရှိတဲ့နေရာ၊ အခြေအနေ၊ အဝန်းအဝိုင်း၊ အကန့်အသတ်ကို လူ့လောကလို့ ခေါ်ကြတာလေကွာ။

ဘယ်မှာလဲ ... ငါ့ခန္ဓာကိုယ်၊ ဘယ်မှာလဲ ငါ့အဝန်းအဝိုင်း။ ဘယ်မှာလဲ ငါ့လုပ်ပိုင်ခွင့်။

'လောကကြီး' လို့ အခေါ်ခံရတဲ့ ငါ့မှာ ငါ့ရဲ့ကိုယ်ပိုင်လောက မရှိပါဘူး။ မင်းတို့လူတွေသာ ပညတ်အားဖြင့် တကယ်ရှိနေကြတာပါ။

လူတွေရှိတဲ့နေရာဒေသမို့လို့ လူ့လောကလို့ ခေါ်ကြတာပေါ့။ မဟုတ်ဘူးလား။

မင်းတို့ ... လူအချင်းချင်း၊ လူ့အဝန်းအဝိုင်းထဲမှာဖြစ်တဲ့ ပြဿနာတွေကို မင်းတို့ဘာသာ နည်းပေါင်းစုံနဲ့ ရှင်းကြ၊ လင်းကြ၊ ရင်ဆိုင်ကြစမ်းပါကွာ။

'အို ... အသင်လောက' ... လို့ အော်အော်ခေါ်ပြီး ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



တရားခံမရှာချင်စမ်းပါနဲ့။ မင်းရော၊ တချို့လူတွေရော၊ ငါ့ကို ခဏ ခဏ နာမည်ဖျက်တယ်။ ဘာတဲ့ . . . ‘လောကကြီးက မတရားဘူး’ . . . ဆိုလား ‘မမျှတဘူး’ ဆိုလား။ ပြီးတော့ ‘လောကကြီးက မမြင် ချင်ယောင်ဆောင်နေတယ်’ . . . ဆိုတာ ပါသေးတယ်။ မင်း တော် တော်ဆိုးတာပဲ မောင်လှမျိုး။ ငါ မင်းကို ဘာလုပ်လို့လဲကွာ။ နောက် ပြီး လူတွေကို ငါ ဘာလုပ်လို့လဲ။

* * *



[၃]

တချို့များ သီချင်းထဲတောင် ထည့်ဆိုလိုက်သေးတယ်။ ‘လောကကြီးကို ခါးစောင်းတင်မယ့်လူစား’ . . . တဲ့။ မင်းတို့လူတွေ ဒါကို ထိလို့, တို့လိုများရရင် ကိုင်များ ပေါက်ကြဦးမလား မသိဘူး။

မင်းရဲ့မိတ်ဆွေတချို့ မင်းအပေါ် အခွင့်အရေးယူသွားကြ တာ၊ နောက်ကျောကို ဓားနဲ့ထိုးသွားကြတာ၊ မင်းဘာသာ ညံ့လို့ ဆိုက်ရတဲ့ကိစ္စ။ ငါနဲ့ ဘာဆိုင်လဲ။

အဲဒါကို ဘာမဆိုင် ညာမဆိုင်။ ‘မိတ်ဆွေနဲ့ ရန်သူ၊ ခွဲခြား တတ်အောင် သင်ကြားပေးပါ အသင်လောက’ ဆိုပြီး မင်း . . . ငါ့ကို ပြဿနာ ရှာတယ်လေ။ တချို့လူတွေလည်း ငါ့ကို ပက်ပက်စက်



www.burmeseclassic.com

www.burmeseclassic.com



စက် ပြောကြပါသေးတယ်။ 'လောကကြီးကို စိတ်နာတယ်' တဲ့။

အမှန်က သူ ရင်ဆိုင်ကြုံတွေ့ခဲ့ရတဲ့ လူတွေကို စိတ်နာတယ်လို့ ပြောရမှာ။ ဘယ့်နှယ်ကြောင့် ငါ့နာမည်က ကန့်လန့်ကန့်လန့်နဲ့ ပါသွားရတယ် မသိဘူး။

ငါ့အထင်တော့ မင်းရော၊ အဲဒီလူတွေရော၊ ကိုယ် ရင်ဆိုင်ကြုံတွေ့နေရတဲ့ လူအချင်းချင်းရဲ့ အဖိအစီးကို၊ ဒါမှမဟုတ်, ကိုယ် ရင်ဆိုင်ယှဉ်ပြိုင်နေရတဲ့ ပြဿနာ၊ အခက်အခဲတွေကို၊ တွန်းလှန်ဖြေရှင်းဖို့ မတတ်နိုင်ကြတော့တာနဲ့၊ အနားတွေ့တဲ့ ခွေးပိန်တစ်ကောင်ကို ခြေထောက်နဲ့ ဆောင့်ကန်သလိုမျိုး၊ ငါ့ကို ဝိုင်းပြီး ဆောင့်ကန်ချင်ကြတာများလားဟင်။

ငါနဲ့ မဆိုင်ရေးချ မဆိုင်ပေါင်ကွာ။ လူတွေနေတဲ့ ကမ္ဘာနိုင်ငံအချင်းချင်း၊ နိုင်လိုမင်းထက် လုပ်နေခဲ့ကြတာ။ ထစ်ခနဲဆိုအကြောင်းပြမယ် တကဲကဲ လုပ်နေကြတာ၊ ငါနဲ့ဆိုင်လို့လား။ မင်းတို့လူအချင်းချင်း ထိန်းရမှာကွ။

အဓမ္မပြုသူကို ဓမ္မနဲ့အညီ၊ မောက်မာသူတွေကို တရားဥပဒေနဲ့အညီ၊ ဆိုးသွမ်းတဲ့လူတွေကို စည်းကမ်းတွေနဲ့အညီ၊ မင်းတို့မင်းတို့, မင်းတို့ လူအချင်းချင်း ထိန်းသိမ်းဆောင်ရွက်ကြရမှာလေ။

တိရစ္ဆာန်ထဲမှာ ခွေးသူခိုးရှိသလို လူတွေထဲမှာလည်း (လူ





သူခိုးရှိတတ်တာပဲ မဟုတ်လား။

"အို . . . အသင်လောက။ ထိုသူများကို သင် လက်မခံပါနဲ့ . . . လို့၊ မင်း အော်ဦးမလို့လား မောင်လှမျိုး။ မင်း အဲဒီလိုကြောင်တောင်တောင်တွေ မလုပ်စမ်းပါနဲ့တော့။

ခွေးရူးတစ်ကောင်ကိုတောင် ခွေးတွေ ဝိုင်းကိုက်ရဲသေးတာပဲ၊ လူထဲမှာရှိတဲ့ လူ့တိရစ္ဆာန်တွေကို လူတွေရဲ့ဥပဒေတွေ၊ စည်းမျဉ်းစည်းကမ်းတွေနဲ့ ဝိုင်းဝန်းအရေးယူနိုင်ကြရမှာပေါ့။ အဲဒါ လူ့ကိစ္စ၊ လူ့ပြဿနာ။

လောကကြီးနဲ့ ဘာဆိုင်လို့လဲကွာ။ ကိုယ်လုပ်ရမယ့်အလုပ်ကို၊ ကိုယ့်ဘာသာ သေသေချာချာ မလုပ်နိုင်တဲ့အခါတိုင်း၊ လောကကြီးက မျက်စိကန်းနေတယ်လို့တော့ မင်း မစွပ်စွဲပါနဲ့၊ လောကကြီးဆိုတာ မရှိပါဘူး။

မင်းတို့ လူတွေကိုယ်တိုင်သာလျှင် လူ့လောက ဖြစ်တယ်။ အဲဒီလူ့လောကကို ဘယ်သူတွေ ဖျက်နေတယ်လို့ မင်းထင်သလဲ။ ဟေး . . . မောင်လှမျိုး။ မင်း သေသေချာချာ မှတ်ထားစမ်းပါ။ လူ့လောကကို ဘယ်တိရစ္ဆာန်မှ လာမဖျက်ဘူး။

***



www.burmeseclassic.com

www.burmeseclassic.com

[၄]

သံကို သံဖျက် သံချေးတက်ဆိုတာ ကြားဖူးတယ်။

ကမ္ဘာကြီး ပူနွေးလာအောင် ဘယ်မျောက်တွေကမှ လာလုပ်တာမဟုတ်ဘူး။ ကာဗွန်ဒိုင်အောက်ဆိုဒ်တွေ လေထုထဲမှာ ပေါများလွန်းပြီး အိုဇုန်းလွှာပျက်စီးအောင် ဘယ်ဂြိုဟ်သားတွေကမှ လာလုပ်တာမဟုတ်ဘူး။

ကမ္ဘာလောကကို မီးလောင်တိုက်တွင်းနေတာ မင်းတို့လူသားတွေပဲကွ မောင်လှမျိုးရ။

လူနေအိမ်တွေမှာ သော့ခတ်ရတယ်။ အဆောက်အအုံတွေမှာ သော့ခတ်ရတယ်။ မြို့ရွာနယ်နိမိတ်သတ်မှတ်ပြီး စည်းရိုးခြား





ရတယ်။

တချို့ဒေသနယ်နိမိတ်ထဲကို သွားရဲတိရစ္ဆာန်တွေဝင်မှာစိုးလို့ စည်းရိုးခြား၊ တံခါးပိတ်ရတာက၊ ထားပါတော့။

လူ့ရပ်၊ လူ့ရွာ၊ မြို့လယ်ကောင်၊ လူတွေချည်းပဲ နေထိုင်ကြတဲ့ဒေသမှာ၊ သော့တွေခတ်ထားကြရတာ။ ကျွဲတွေ၊ နွားတွေ၊ ကျားတွေ၊ ခြင်္သေ့တွေ၊ အိမ်ထဲဝင်ပြီး ခိုးဆိုးစားသောက်မှာစိုးလို့ဆိုတော့ မဟုတ်တန်ပါဘူး။

သူခိုးတက်မှာစိုးလို့၊ အနုကြမ်းစီးမှာစိုးလို့ မဟုတ်လား။ လူတွေနေတဲ့ လူ့အသိုင်းအဝိုင်းမှာ လူက လူကို ပြန်ကြောက်နေရတဲ့ အဖြစ်ဆိုးကြီးကို ဘယ်တိရစ္ဆာန်ကမှ ဖန်တီးထား မဟုတ်ပါဘူး။

ကမ္ဘာတစ်ဝန်းလုံးမှာ သော့မခတ်ရတဲ့နိုင်ငံရှိရင် ငါ့ကို ပြောပြစမ်းပါကွာ။ သော့တွေ ရှိနေသေးသမျှ မင်းတို့ လူ့ကမ္ဘာကြီး မငြိမ်းချမ်းနိုင်ဘူး မောင်လှမျိုး။

သူခိုးတွေ၊ ဓားပြတွေ၊ လူ့အန္တတွေကို ငါ (လုံးဝ) မဖန်တီးခဲ့ပါဘူးကွာ။ သံချေးဆိုတာ သံထဲက ထွက်လာသလို လူဆိုးဆိုတာသည်း၊ မင်းတို့လူတွေထဲကပဲ ထွက်လာကြတာ မဟုတ်လား။ အဲဒါဒါနဲ့ ဘာဆိုင်သလဲ။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

[၅]

နောက်နောင် မင်း ငါ့ကို အပြစ်ဖို့တဲ့ လေသံကြီးနဲ့ အော်မခေါ်ပါနဲ့ကွာ။

ကမ္ဘာ့နိုင်ငံအကြီးကြီးက ဘယ်လောက်ကြီးတဲ့ သမ္မတကြီးပဲဖြစ်ပါစေ (ကမ္ဘာတစ်ခွင်လုံး ငြိမ်းချမ်းဖို့ မပြောနဲ့) သူ့တစ်နိုင်ငံတည်းကိုတောင် အလုံးစုံငြိမ်းပြည့်စုံအောင် ဆောင်ရွက်နိုင်စွမ်းမရှိပါဘူးကွာ။

ရှိတယ်ပဲ ထား။ သူ့နိုင်ငံသူ နိုင်ငံသားအားလုံးကို အပါယ်မကျအောင်၊ သံသရာမလည်အောင်၊ အရိယာဖြစ်အောင်၊ တကယ့်ချမ်းသာခြင်းအစစ်ကို ရှာဖွေ့အောင်၊ စွမ်းဆောင်ပေးနိုင်မှာ မဟုတ်ပါဘူး။





ပုထုဇဉ်က ပုထုဇဉ်ကို အုပ်စိုးနေကြတဲ့ မင်းတို့ကမ္ဘာ။

မင်းတို့ပြဿနာနဲ့ မင်းတို့။

ဦးထောင်ပဲ့နှင်း၊ အိမ်ရှေ့ပူ၊ အိမ်နောက်မချမ်းသာ။ ပစ်လိုက်ခတ်လိုက်။ သေလိုက် ငိုလိုက်။ နိုင်လိုက် ရှုံးလိုက်။ အေးလိုက် ပူလိုက်။ တက်လိုက် ကျလိုက်။ အော်လိုက် ဟစ်လိုက်နဲ့။ လက်ပံပင်ကို၊ ဆက်ရက်ကျနေတဲ့ ကမ္ဘာ။

ဘာလိုနေမှန်းမသိဘဲ၊ လိုမယ်ထင်တာတွေ လျှောက်လုပ်နေကြတဲ့ကမ္ဘာ။

အဲဒီကမ္ဘာကြီးထဲမှာ မင်း စိတ်တိုင်းကျကျ မကျကျ၊ မင်းဘာသာ အေးအေးဆေးဆေး နေစမ်းပါ။ ဒါမှမဟုတ် 'အသင်လောက' . . . လို့ မအော်ဘဲ . . . 'ဟော့ . . . လူ့လောက' . . . လို့ မင်း ပြတ်ပြတ်သားသား အော်လိုက်စမ်းပါ။

ငါကတော့ ဝေါဟာရအဖြစ်သာ ရှိနေရသူမို့ လောက . . . လောကလို့ ပြောသံကြားတိုင်း ငါ ဘာမှမဖြစ်ပါ။ မင်းလည်း ဘာမှမဖြစ်အောင် နေကြည့်စမ်းပါကွာ။ ။

2009- May 26

2:36 (a.m)

[2009 ဩဂုတ် Perfect မဂ္ဂဇင်း]



www.burmeseclassic.com

www.burmeseclassic.com

# ကိုယ့်ကိုယ်ကိုယ် ... ကယ်

www.burmeseclassic.com

www.burmeseclassic.com

[၁]

"လုပ်ပါဦး ဆရာနီတာရယ်၊ စာမေးပွဲက နီးနေပြီ၊ မြစ်ကမ်းစပ်မှာ သွားသွားထိုင်နေလို့၊ ပြီးတော့ . . . ငိုနေတယ်"

ဒါမျိုးက ကျုပ်,ကြားဖူးတာ၊ များနေပြီ။ ဘာပြောရမယ်၊ ဘာလုပ်နိုင်ရမယ်ဆိုတာ ကျုပ်က ဒက်ခနဲ သိတာ။ စာမေးပွဲနီးရင် စာ,သိပ်မပိုင်တဲ့ ကလေးတွေက နည်းနည်းတော့ ကြောက်တာပေါ့မှ မိန်းကလေးဆို များများကြောက်ရော။

ကြောက်တာကို ကြောက်တယ် . . . လို့ မသိစိတ်က ဝန်မခံ ချင်တော့ လူရှင်းတဲ့နေရာသွား။ ပြီးတော့ . . . ကြောက်စိတ်နဲ့ ငိုမိ



www.burmeseclassic.com

www.burmeseclassic.com



တာနေမှာပေါ့။ ဒါမျိုး အကြိမ်များလာတော့ မိဘတွေက ဟိုလိုင်
ဒီလိုလို ထင်ကုန်ကြတာပေါ့။ မိဘက ထင်ရတဲ့ကြားထဲ သားသမီးရေ
မှာ ဟိုက,လာတာလိုလို ဒီက,လာတာလိုလိုတွေ ပြောကြဆိုကြတော
ဒါ ... သားသမီးအတွက် အကွက်ဆိုက်တာပေါ့။

စာမေးပွဲနီးရင် ငါ ... ဒီလိုလေး မှိုင်ပြထားလိုက်ရင်
အကယ်၍ ကျသွားခဲ့ရင်တောင် အပြစ်လွတ်တာပေါ့ ... လို့ စွဲသွာ
တတ်ကြတာကလား။ အဲဒီ့ အစွဲလေးတွေကြောင့် တကယ်ထင်ပြီး
အကျင့်ဖြစ်သွားကြတာလေ။

အခု ... ဒီကလေးမလည်း ဒီအတိုင်းပဲ နေမှာပေါ့။ စာမေး
ပွဲနီးတိုင်း ဒီလိုဖြစ်နေကျ။ (တချို့ဆို ဒါ ... မနာလိုတဲ့သူက စာမေး
ပွဲကျအောင် နည်းလမ်းဆိုးနဲ့ ပြုစားထားတယ်လို့တောင် ထင်ချင်
ထင်တတ်ကြတာ။ ဆရာလိမ်နဲ့တွေ့ရင်တော့ ဒါ ... စားပေါက်ပေ
ဗျာ)။

ကျုပ်ကတော့ မေတ္တာသမား။ ဘာမှလည်း ဒီလောက်
တတ်လှတယ်မဟုတ်ပါဘူး။ ထင်ရာမြင်ရာလေးပြောပြီး စိတ်ထဲရှိတာ
လေး လုပ်နိုင်းလိုက်တာပါပဲ။ ပြီးတော့ ... မေတ္တာပို့ပေးလိုက်တာပေါ့။

"ရေထဲက, လာတဲ့သူဆိုတော့ ရေစပ်သွား
သွား ထိုင်တာပေါ့၊ ဘာမှမပူနဲ့ ဒါ ... ဘဝ,ဟောင်





ကို သတိရလို့ သွားသွားငိုတာ၊ အရင်နေရာမှာပဲ
ပွဲသွားထိုးလိုက်၊ နှစ်ဆယ့်လေးနာရီအတွင်း အဆင်
ပြေသွားလိမ့်မယ်"

"ပွဲတင်ပြီးရင် ဘာပြောရဦးမလဲ ဆရာ"

"ဘာမှမပြောနဲ့၊ ခင်ဗျားသမီးပဲ အဲဒီကိုခေါ်
သွား၊ ကျုပ် ... တာဝန်ယူမှတော့ ခင်ဗျားတို့ ဘာ
ပြောစရာလိုမှာလဲ၊ ပွဲထိုးပြီးတာနဲ့ စိတ်ထဲမှာ ရှင်းသွား
လိမ့်မယ်။ မပူနဲ့ ... မပူနဲ့"

ပြောပြီး ရှေ့မှာ ငုတ်တုတ်ထိုင်နေတဲ့ ကောင်မလေးဘက်
လှည့်ရင်း၊ ကျုပ်က အစကလို အပ်တာကိုတော့ မှာလိုက်ရတာပေါ့။

"ဟဲ့ ... ကလေးမလေး၊ စာတော့ကျက်
နော်၊ ဟိုတွေး ဒီတွေး ... တွေးမနေနဲ့ ကြားလား"

ကောင်မလေးက ခေါင်းညိတ်ပေါ့။

"ငါ ... ဘာလုပ်ပေးပေး နင့်ကိုယ်တိုင်က
စာမကျက်ရင်၊ ဒီ ... စာမေးပွဲက ဘယ်လိုလုပ်
အောင်မှာတုံး၊ မဟုတ်ဘူးလား"

"ဟုတ်ကဲ့"

"စာကျက်ရမှာက နင့်တာဝန်၊ ပို့ပိုးပေးရာ



www.burmeseclassic.com

www.burmeseclassic.com



မိဘ.တာဝန်၊ အနှောင့်အယှက်တွေကို ရှင်းပေး...

ကား ငါ့တာဝန်၊ ဒါပဲ''

''ဆရာ ... တစ်ခုလောက်မေးချင်လို့''

ဒါပဲ ... လို့ ပြောပြီး၊ စကားဖြတ်တာတောင် အမေလုပ်... က အကြောမပြတ်ဘူး။

''မေး ... မေး လိုရင်းကိုမေး နောက်လူ... ရှိသေးတယ်''

''သိုက်ဆက်ဖြတ်ဖို့ လိုမလားဆရာ''

''မလိုဘူး၊ ရတနာသုံးပါးကို ကိုးကွယ်... ကြည့်, ဆည်းကပ်. ပူဇော်နေတဲ့ လူကို ဘယ်... သိုက်ကမှ ခေါ်လို့မရဘူး မပူနဲ့လို့ ပြောပြီးပြီပဲ၊ ဘာ... ပူနေရတာတုံး၊ ကလေးမကို ဘုရား ... တရား... ပိုလုပ်ခိုင်း''

''ဟုတ်ကဲ့ ... ဆရာ၊ ဟုတ်ကဲ့၊ ကျေးဇူး... ပဲ''

ဒါ ... သိမ်မကြောက်တတ်တဲ့မိသားစုမို့ ''မလိုဘူး'' ကျုပ်က အပိုင်ပြောလိုက်ရတာနော်။ ကြောက်တတ်မယ့်သူတွေ... ... ဒါ ... လို့ အစွဲကြီးနေတဲ့သူတွေကိုတော့ ကျုပ်က ဘယ်...





...ဘို့ပြောပါ့မလဲ။

''ဖြတ်ဖို့လိုတာပေါ့၊ ဆွေမျိုးတော်စပ်တဲ့ဟာကို မသိသလို ...နေရင်၊ လာ လာ ပတ်သက်နေမယ့်အတူတူ ဆွေမျိုးမတော်ဘူး ... လို့ တစ်ခါတည်း ကြေညာလိုက်ရုံပဲ၊ စိတ်ချ ကျုပ် ... တာဝန်ယူ ... ဖြတ်ပေးမယ်'' ... လို့ ရဲရဲဝံ့ဝံ့ ပြောရတော့တာပေါ့။

မိတ်ဆွေတို့ပဲ စဉ်းစားကြည့်ပါဗျာ။

ကံရာဇာကြီး (တချို့အခေါ်) ဆရာနီတာလို့ အခေါ်ခံရတဲ့ ...ျုပ်က လူလိမ်မှမဟုတ်တာ၊ လူတွေအကြောင်းကို တော်တော်လေး ...ဦးမိခေါက်မိထားတဲ့သူပါ။

အခုကိစ္စပဲကြည့် ...

''ခင်ဗျားသားသမီး စားမရလို့ အပိုတွေလုပ်နေ
တာ''

လို့ ကျုပ် ... ပြောကြည့်လိုက်ပါလား။ မအေကလည်း ...ားရှိတော့မှာ မဟုတ်သလို သမီးလုပ်တဲ့သူကလည်း သူ့အကျင့် ...ပါ်သွား ... လို့ ကျုပ်ကို စိတ်ခုမှာ အမှန်ပဲ။

စိတ်ခုတာက ကိစ္စ မရှိပါဘူး။ တကယ်စာမနိုင်တဲ့သူကို ...ကျက်ချင်စိတ် မပေါက်အောင် လုပ်လိုက်သလို ဖြစ်သွားမှာတော့ ...လိုလားဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် . . . သူတို့ရဲ့ ရှေ့အစွဲလေးတွေကို အသုံးပြုပြီး ပြောရ, ဟောရ, ညွှန်ရတော့တာပါ။ 'နှစ်ဆယ့်လေးနာရီအတွင်း အဆင်ပြေသွားလိမ့်မယ်'' . . . လို့ ကျုပ်ပြောလိုက်တာကိုက ကျုပ် လိမ်လိုက်တာ မဟုတ်ပါဘူး။ မိဘ . . . အားရှိသွားအောင် သားသမီး အားတက်သွားအောင် တကယ်မေတ္တာစိတ်နဲ့ ကူညီကယ်တင်လိုက် တာပါဗျာ။

''ဘဝဟောင်းကို သတိရလို့ သွားသွားငိုနေ တာ''

ဆိုတဲ့ စကားကလည်း သူတို့ တခြားက ကြားဖူးပြီးသား စကားမျိုးမို့ ကျုပ်က တမင်ပြောလိုက်တာပါ။ (ပုဗ္ဗေ နိဝါသ ဉာဏ် ရတဲ့ အရိယာပုဂ္ဂိုလ်မဟုတ်ဘဲ ဘယ်မှာ . . . ဘဝဟောင်းကို သိမြင် မှာတဲ့လဲ)။ သူ့ဘာသာ စိတ်ခတ်ကျလို့ စိတ်လွတ်လက်လွတ် သွားငို တာနေမှာပါ။

ဘယ်အရပ်, ဘယ်သိုက်က လာပါတယ်ဆိုတဲ့ အယူအစွဲက သူတို့, သူတို့ရှေ့မှာ အခြားဘယ်သူကမှ မပြောဖူးဘဲ သူတို့ဘာသာ သူတို့ သိကိုမသိဘူး ကြားကို မကြားဖူးဘူး။ တစ်ဆင့်စကား တစ်ဆင့် နားနဲ့ ထင်ရာတွေ ပြောရင်း, ပြောရင်း အရပ်ထဲကို ဒီ . . . အစွဲလေး တွေ ရောက်လာတတ်ကြတာ မဟုတ်လား။





ဘယ်လိုအစွဲနဲ့ လာ,လာပါဗျာ။ ကိုယ့်ဆီကို အားကိုးယုံကြည် သို့ လာတဲ့ ခုနစ်ရက်သားသမီးတိုင်းကို ကူညီရမှာက ကျုပ်ရဲ့ စေတနာ, မေတ္တာ, တာဝန်ဝတ္တရား မဟုတ်လား။

* * *



www.burmeseclassic.com

www.burmeseclassic.com

# [၂]

"ဒါ ...၊ နန္ဒဟေဝန် တတ်နန်းလားကွ"

"မှန်ပါတယ် ... ဘုရား"

"နီတာ ရှိသလားကွ"

"ရှိပါတယ် ဘုရား"

"ငါ ... သူနဲ့ တွေ့ချင်လို့"

ကျုပ် တတ်နန်းထဲမှာ လူဆယ်ယောက်လောက်ပဲ ရှိပါသေးတယ်။ အဲ ... လောလောဆယ် ဟောနေရတဲ့သူဆို ဆယ့်တစ်ယောက်ပေါ့။ တပည့်တစ်ယောက်က အဝင်အထွက် တံခါးပေါက်မှာ တုံကင် နံပါတ်ပေးရတယ်။ ကျန်တဲ့တပည့်လေးယောက်ကတော့





ချုပ် ခပ်လှမ်းလှမ်းကနေ ကျုပ်လိုတာကို ဖြည့်ပေးဖို့ အဆင်သင့်စောင့်ပေးနေကြရတာပေါ့။ အောင်ပုဆိုတဲ့ ကောင်လေးကတော့ ထမင်းချက်ပေါ့။

"ကြွပါ ဘုရား"

အသံလာရာကို အဟောရပ်ပြီး ကြည့်လိုက်တော့ ရဟန်းသံဃာတစ်ပါး။ အဲ ...၊ ကျုပ်အမေရဲ့ အစ်ကိုတော်စပ်ခဲ့တဲ့ ဘကြီးဘုန်းကြီး ... ဆရာတော်ဦးပညာကို တွေ့လိုက်ရတယ်။ ကျုပ်ရော ... လာတဲ့ပရိသတ်တွေရော ဆရာတော်ကို ကန်တော့ကြပါတယ်။ ဆရာတော်က သင့်လျော်ရာမှာ သီတင်းသုံးပြီး ...

"မင်းဘာသာ ဟောစရာရှိတာဟော။ ငါ ... ဘုရားခန်းထဲက စောင့်မယ်"

"တင့်ပါဘုရား"

ဆရာတော်ဘုရားခန်းထဲ ကြွသွားတော့မှ ဟောလက်စကို ဆက်ဟောဖြစ်တယ်။ ဒါပေမဲ့ ဟောရ ပြောရတာ အားမတွေ့ဘူး။ ဒီလို ... လောကီကိစ္စတွေကို ဝိနည်း စည်းကမ်းနဲ့အညီ နေထိုင်ကျင့်သုံးနိုင်စွမ်းကြီးတဲ့ ရဟန်းသံဃာတွေရှေ့မှောက်မှာ ဆောင်ရွက်ရတာ စည်းကမ်းကြီးတဲ့ ကျောင်းအုပ်ဆရာကြီးတစ်ယောက်ရဲ့ရှေ့မှာ တစ်နဲ့တစ်ပေါင်း နှစ်ကို တုန်တုန်ယင်ယင် ရေးနေတဲ့ သူငယ်တန်းကျောင်း



www.burmeseclassic.com

www.burmeseclassic.com



သားလေးတစ်ယောက်လို တစ်ခုခုကို ထိတ်လန့်နေရသလိုပါပဲဗျာ။

မနက်ပိုင်းညှိသည်တွေ ရှင်းသွားတော့မှ နောက်ထပ်ညှိသည်ကို နေ့လယ်မှ လာခိုင်းဖို့ တပည့်တစ်ယောက်ကို မှာခဲ့ပြီး ဘုရားခန်းထဲကို ဝင်လိုက်တော့တယ်။ ဆရာတော်က ဘာကိစ္စကြွလာမှန်း မသိ။ ညှိသည်မကုန်သေးရင် ဆရာတော့်ကို အားနာစရာ။ အဲဒါကြောင့် ညှိသည်တွေကို အလာမခံဖို့ မှာခဲ့ရတာ။

✻ ✻ ✻



[၇]

"အကြောင်းထွေထွေထူးထူး ရှိပါသလား ဘုရား"

"ရှိတယ်ကွ၊ ရော့"

ဆရာတော်က ကျုပ်လက်ထဲကို ဓာတ်ပုံတစ်ပုံထည့်တယ်၊ ဓာတ်ပုံကိုကြည့်ပြီး ကျုပ် . . . နားမလည်ဘူး။ ဓာတ်ပုံထဲကလူက ဘာ်ကမ္ဘာလုံးသိတဲ့ . . . လူ။ ကျုပ်နဲ့ ဘာဆိုင်လို့တုံး။

"ဒါ . . . ဘင်လာဒင်ပုံကြီးပဲ၊ တပည့်တော်ကို ဘာဖြစ်လို့ပေးတာလဲ . . . ဘုရား"

"မင်းက လူတွေကို ကယ်နေတာဆို"



www.burmeseclassic.com

www.burmeseclassic.com



''နည်းနည်းပါးပါး ... ဘုရား''

''အမှုအခင်းဖြစ်တဲ့သူတွေ၊ ဧာမေးပွဲဖြေမယ့်သူတွေကို ဓာတ်ပုံတောင်းပြီး အဆင်ပြေအောင် စီမံပေးတယ် ... ဆို''

''မှန်ပါ၊ မေတ္တာပို့ပေးတာပါ ဘုရား''

''အေး၊ အဲဒီ ဘင်လာဒင်ကို ကမ္ဘာကုန်သွယ်ရေး အဆောက်အအုံကို ဖောက်ခွဲဖျက်ဆီးမှု၊ လူထောင်ပေါင်းများစွာ သေကျေစေမှုနဲ့ အလိုရှိနေကြတယ်ကွ။

သူ့နောက်လိုက်တွေ တခြားတိုင်းပြည်တွေမှာ ဒုစရိုက်လုပ်မှာစိုးလို့ တော်တော်များများ ကြောက်နေကြရတယ်ကွ။ အဲဒါ ...သူ့ကိုဖမ်းမိဖို့ မင်း ဆောင်ရွက်ပေးစမ်းပါ''

ကျုပ် တော်တော် စိတ်အိုက်သွားတယ်။ ဆရာတော်က ကျုပ်ကို ပညာပေးတော့မယ်ထင်ပါရဲ့။

''ဘယ့်နှယ်လဲ မင်း,လုပ်ပေးနိုင်ပါ့မလား''

''တပည့်တော် မစွမ်းနိုင်ပါဘူး ... ဘုရား''

''ဟ ... ဓာတ်ပုံကြည့်ပြီး မင်း ဆောင်ရွက်





ပေးနိုင်တယ်ဆို''

''တပည့်တော်က နိုင်ငံရေးတွေနဲ့ မပတ်
သက်ပါဘူး ဘုရား''

''အေး ... ဒါဆို လူမှုရေးတော့ မင်း ...
သိတယ်ပေါ့''

''နည်းနည်းပါ ဘုရား''

''မင်းဆီကို လာဘ်စားမှုနဲ့ အမှုရင်ဆိုင်နေရ
တဲ့ ဝန်ထမ်းတစ်ယောက်က လာပြီး အဆင်ပြေ
အောင် အကူအညီတောင်းရင် မင်းက အဲဒီအမှုသည်
ကို လွတ်အောင် လုပ်ပေးတာလား၊ ထောင်ကျ
အောင် လုပ်ပေးသလား''

''တပည့်တော် လုပ်မပေးနိုင်ပါဘူး ...
ဘုရား။ မေတ္တာသာ ပို့ပေးတာပါ''

''ဘယ်လိုစိတ်နဲ့ မေတ္တာပို့တာလဲ''

''လွတ်မြောက်စေလိုတဲ့ စိတ်နဲ့ပါ ... ဘုရား''

''ဒါဆို ... လာဘ်စားတဲ့ ဒုစရိုက်သမားကို
မင်းက အပြစ်ဒဏ်မခံစေချင်ဘူးပေါ့၊ နိုင်ငံတော်
လာဘ်စားတဲ့ ဒုစရိုက်သမားနဲ့ ဖြစ်တဲ့အမှုမှာ မင်းက



www.burmeseclassic.com

www.burmeseclassic.com



ဒုစရိုက်သမားဘက်က လိုက်တယ်ပေါ့။

နိုင်ငံဘဏ္ဍာငွေတွေ မလျော့ပါးပါစေနဲ့ မယ်

ပါးပါစေနဲ့ဆိုတဲ့ မေတ္တာစိတ် မင်းမှာ မရှိဘူးပေါ့''

''နီးရာကို ကူညီတာပါ . . . ဘုရား''

''ဒါဆို မင်းက ဒုစရိုက်သမားနဲ့နီးရင် ဒုစရိုက်သမားကို ကူညီတယ်ပေါ့''

ကျုပ် ဘာဖြေရမှန်းမသိ။

''မစိန်နဲ့ မလိမ်နဲ့ အမှုဖြစ်တယ်။

မစိန်က မှန်တယ်၊ မလိမ်က မမှန်ဘူး၊ ဒါပေမဲ့ မလိမ်က မင်းနဲ့ သိတယ်။ မင်းဆီ လာတယ်။

သူ့ကောင်းကြောင်းတွေချည်း ရွေးပြော၊ မစိန် မကောင်းကြောင်းတွေချည်း ဖိပြော။ ပြီးတော့ မင်းဆီမှာ ဓာတ်ပုံပေးပြီး ဓာတ်ရိုက်ဓာတ်ဆင် လုပ်နိုင်းမယ်။

မင်းရဲ့ . . . မေတ္တာဓာတ်ကြီးကြောင့် မမှန်ကန်တဲ့ မလိမ်၊ အမှုနိုင်သွားပါပြီ . . . တဲ့။ မင်း . . . ကိုယ့်ကိုယ်ကိုယ် သာဓုခေါ်ဝံ့ရဲ့လား နီတာ''

''သူတို့ ကံ၊ အတိုင်းပါပဲ၊ ဘုရား၊ တပည့်





တော်က . .''

''တော်စမ်း နီတာ၊ ဘယ်သူမှားမှန်း မသိဘဲ ကိုယ့်ဆီလာတဲ့သူ နိုင်စေဆိုတာ မျှတတဲ့စိတ်ထားမှ မဟုတ်တာ၊ အဲဒါ . . . လိမ်စားတဲ့အလုပ်ပဲ''

''တပည့်တော် မလိမ်ပါဘူး . . . ဘုရား''

''ကဲ . . . နောက်တစ်ခု ထပ်မေးမယ်။ မင်းဆီကို ကိန်းဂဏာန်းတွေနဲ့ပတ်သက်တဲ့ အလောင်းအစားသမားတွေရော မလာဘူးလား''

''မနက်တိုင်း လာပါတယ် . . . ဘုရား''

''မင်း . . . ထင်ရာမြင်ရာ ကိန်းဂဏာန်းတွေ မင်း . . . ပြောလိုက်တာပဲလား''

''ပြောမိပါတယ် . . . ဘုရား''

''အမြဲတမ်း မှန်တာပဲလား''

''ရံခါပါ . . . ဘုရား''

''အဲဒါက,ရော . . . ဘာလုပ်တာလဲ''

''ဆင်းရဲသားတွေကို ကယ်တာပါ ဘုရား''

''အဲဒါ . . . ကယ်တာ မဟုတ်ဘူး၊ မင်း အပါယ်ပို့နေတာ၊ နှလုံးမကောင်းအောင် လုပ်နေတာ



www.burmeseclassic.com

www.burmeseclassic.com



ကွ''

''ခုနစ်ရက်သားသမီးကို ကယ်တင်လိုက်

မေတ္တာဆန္ဒသာလျှင် တပည့်တော်မှာ ရှိပါတယ်...

ဘုရား''

''ဩော်။ တကယ့်မေတ္တာရှင်ကြီးပဲ၊ ကဲ...

မင်း ကယ်လိုက်တဲ့ ဆင်းရဲသားတွေက မင်းပေးတဲ့

ကိန်းဂဏန်းနဲ့ အဆင်ပြေသွားတယ်ဆိုပါတော့၊ ငွေ

ကြေးအားဖြင့် ဘယ်သူမြတ်ပြီး ဘယ်သူရှုံးသလဲကွ''

''ထိုးသားတွေ မြတ်ပြီး ဒိုင်ခံသူ ရှုံးပါတယ်

... ဘုရား''

''အဲဒီ ... ဒိုင်ဆိုတဲ့ လူကရော ခုနစ်ရက်

သားသမီး မဟုတ်ဘူးလားကွ''

''သူတို့က လူချမ်းသာပါ ... ဘုရား''

''ဒါဆို ... မင်းရဲ့မေတ္တာက ချမ်းသာ, ဆင်းရဲ

ခွဲခြားသပေါ့။ ဟုတ်လား''

ကျုပ် ... အဖြေမတတ်။

ဆရာတော်က ကျုပ်လက်ထဲက ဘင်လာဒင်စာတ်ပုံကို လက်

ညှိုးညွှန်ပြီး ထိုင်ရာမှ ထ,လျက် –





''မင်း ဓာတ်နန်းမှာ အဲဒီဓာတ်ပုံကပ်ထား''

''ဓာတ်ဆင်ခိုင်းတာလား ... ဘုရား''

''ဓာတ်ဆင်ခိုင်းတာ မဟုတ်ဘူး နောရဲ့၊

ကျွန်ုပ် လုံးဝ မဆောင်ရွက်ပေးနိုင်သော အမှု ... လို့

ရေးပြီး ကပ်ထားခိုင်းတာ။

လာတဲ့ လူတွေ မင်း ဘာကောင်မှ မဟုတ်

ဘူးဆိုတာ သိစေချင်လို့''

ကျုပ်တပည့်တွေဆီကပါ ရယ်သံထွက်ပါရဲ့။ ကျုပ် ...

ပါလည်း ရှက်ပါရဲ့။

ဆရာတော်က ကျုပ်တပည့်အားလုံးကို မီးဖိုခန်းထဲ ဝင်ခိုင်း

ပြီး ဘုရားခန်းအပြင်ဘက်ကို ကြွတယ်။ ကမ္ဘာပေါ်မှာ သနား

အကောင်းဆုံး သတ္တဝါတစ်ကောင်ကိုကြည့်သလိုမျိုး ကျုပ်ကို

ကြည့်တယ်။

ကြွက်တွေကြားမှာ ကြောင်လက်သည်း ဘယ်လောက်

ထက်ထက်၊ ကျားရှေ့ရောက်တော့ ကြောင်လည်း အမြီးကော့ရတော့

တာပဲ။

***



www.burmeseclassic.com

www.burmeseclassic.com

[၄]

"မင်း ခုနစ်ရက်သားသမီးတွေကို တကာ

... ကယ်ချင်သလား"

"မှန်ပါ၊ တကယ်,ကယ်ချင်ပါတယ် ဘုရာ

"အပါယ်မကျအောင် ကယ်။ သံသ
မလည်အောင် ... ကယ်။ မအိုအောင်၊ မနာအော
မသေအောင် ... ကယ်။ ဘယ့်နှယ်လဲ၊ ကယ်နို
မလား"

ကျုပ် ... ခေါင်းခါမိပါရဲ့။ ဒါကို ... ကြည့်ပြီး ဆရာေ
က ...,





"ဘယ်လိုလုပ် ကယ်နိုင်မှာတုံး။ မင်း,ကိုယ်တိုင်တောင်၊ မအိုအောင်, မနာအောင်, မသေအောင် လုပ်မှလုပ်မထားဘဲ"

"မေတ္တာစေတနာတစ်ခုသာလျှင် အရေးကြီးတယ် ... လို့ တပည့်တော် ထင်မိပါတယ် ... ဘုရား"

"ဟော့ ... မေတ္တာဆိုတဲ့ စကားလုံးကို မင်း လိုရာ မသုံးနဲ့၊ တကယ့်မေတ္တာကြီးတဲ့သူက လူတွေကို အပါယ်လားအောင် မလုပ်ဘူးကွ၊ အခု ... မင်း လုပ်ရပ်က ...

ဝဲယားတဲ့လူကို ဆေးထည့်မပေးဘဲ ကုတ်ပေးတဲ့အလုပ်မျိုး။ ကုတ်ရင် အနားပိုကြီးတယ်ကွ မှတ်ထား"

"မှန်ပါ ဘုရား"

"နောက်နောင် ကယ်တင်တယ် ... ဆိုတဲ့ စကားလုံး၊ မင်း ... မသုံးစမ်းပါနဲ့။ မင်းဘာသာ ... မင်း၊ မအိုအောင်, မနာအောင်, မသေအောင် ကိုယ့်ကိုယ်ကိုယ် ကယ်စမ်းပါဦးကွ"



www.burmeseclassic.com

www.burmeseclassic.com



"ကြိုးစားပါ့မယ် . . . ဘုရား"

"အေး . . . ကြိုးစားပြီးခဲ့ရင်တောင် ကယ်တင်တယ်ဆိုတဲ့စကားကို ဘယ်တော့မှ မသုံးပါနဲ့၊ ကူညီတယ် . . . လို့ သုံးချင်သုံးပါ။

သက်ရှိမှန်သမျှ ဘယ်သူကမှ ဘယ်သူကိုမှ မကယ်တင်နိုင်ပါဘူးကွ၊ ကိုယ့်ကိုယ်ကိုယ် ကယ်ကြရတာပါ။

နေထိုင်ကျင့်သုံးနည်းကို သိအောင် . . . မြင်အောင် ပြောပြသွန်သင်ရတာမျိုးတော့ ရှိတာပေါ့။ အဲဒါ . . . ကူညီတာ။ ကယ်တင်တာ မဟုတ်ဘူး။

ဘယ်သူ . . . ဘယ်လောက်ကူကူ ကိုယ်တိုင်လုပ်မှ ကယ်လို့ရတယ်။ မင်း . . . ဘဝရဲ့ ကယ်တင်ရှင်ဟာ မင်း,ကိုယ်တိုင်ပဲ။ ကိုယ့်ကိုယ်ကိုယ်တောင် မကယ်ရသေးဘဲနဲ့ ခုနစ်ရက်သားသမီးကို ကယ်တင်ချင်တယ်ဆိုတဲ့စကားမျိုးကို မင်း မပြောစမ်းပါနဲ့။

ငါတို့ဆွေမျိုးထဲမှာ အပါယ်လားမယ့်သူ တစ်ယောက်မှ မရှိစေချင်ဘူး။ အဲဒါကြောင့် မင်းဆီ ငါ ဒါလာပြောတာ။ လောကတစ်ခွင်လုံးတော့ ငါ လက်





လှမ်းမမီဘူး နီတာရေ"

ဆရာတော်၏ ကျောဘက်ရှိ ကန်တော့ပွဲတွေကို ကျုပ်ငေးကြည့်နေမိတယ်။ အဲဒီကန်တော့ပွဲတွေက ကျုပ်ကို အပါယ်မကျအောင် သံသရာမလည်အောင် ကယ်ပေးနိုင်ရဲ့လား . . . လို့ ကျုပ်, ဖျတ်ခနဲ တွေးဖြစ်လိုက်တယ်။

ကျုပ် အတွေးမှန်ပါရဲ့လားဗျာ . . .။ ။

2009- Jun 1

6:30 (p.m)

[2009 ဩဂုတ် ကလျာမဂ္ဂဇင်း]



www.burmeseclassic.com

www.burmeseclassic.com

# နေနှဲ့တည်တည်တိုး

www.burmeseclassic.com

www.burmeseclassic.com

"ဟိုးတုန်းကထက် ... အဆမျှားစွာ၊ 'နေ' ပိုပူပြင်းလာတယ်" ...တဲ့။ ရပ်ထဲရွာထဲက လူတွေ ညည်းတွားလိုက်ကြတာ။

"အဲဒါ ...မင်းတို့ မင်းတို့ လူတွေရဲ့ လောဘ, ဒေါသကြောင့်ပေါ့ကွ" ...လို့ ကျုပ်က အာပေါင်အာရင်းသန်သန်နဲ့ ပြောထည့်လိုက်တာ ရွာထဲက လူတွေအားလုံး ကျုပ်ကို မျက်မှောင်ကြုတ်ပြီး ကြည့်ကြတယ်။

တချို့ဆို "အဲဒီကံကြီးမောင်က ခေါင်းသိပ်ကောင်းတာမဟုတ်ဘူး။ စာတွေဖတ်ပြီး ရူးကြောင်ကြောင်ဖြစ်နေတာ" ...ဆိုပြီး တီးတိုးတီးတိုး ပြောနေကြတယ်။

စိန်သရဖူစာပေ [illegible]

www.burmeseclassic.com



ကျုပ် စိတ်မဆိုးပါဘူး။ စိတ်မကောင်းဖြစ်ရတာပါ။ ဘယ့်နှယ် စာဖတ်တဲ့သူကို ရူးကြောင်ကြောင် . . . လို့ သူတို့မို့ ပြောရက်ကြတယ်။ (သူတို့ . . . ဖတ်သလား ဆိုတော့လည်း မဖတ်)။

ကျုပ်က အတန်းပညာလည်း သိပ်သင်ခဲ့ရတာ မဟုတ်တော့ လက်လှမ်းမီသလောက်လေး ဖတ်ရမှတ်ရ လေ့လာရတာပေါ့။ ဘွဲ့ထူး ဂုဏ်ထူးရထားတဲ့သူ မဟုတ်ပြန်တော့လည်း ကျုပ်စကား ဘယ်အရာ ရောက်တော့မတုံး။

အဲ . . . လူငယ်တချို့နဲ့တော့ ကျုပ်က အဆင်ပြေသား။

တော်ရုံတန်ရုံလူငယ်မျိုး ကျုပ် ထန်းတောထဲ လာတယ် မထင်နဲ့။ မြို့မှာ . . . တက္ကသိုလ်တက်နေကြတဲ့ လူငယ်တချို့နဲ့ ရွာထဲက (ဖလော်ဆော်ဖီဆိုတာကြီးကို စိတ်ဝင်စားတဲ့) ကာလသား လေး၊ ငါးယောက် လာကြတာပါ။

ကျုပ်က (ဟဲ . . . ဟဲ . . . ကြွားရဦးမယ်) အဲလိတတ်ကမူရဲ့ 'စည်းအပြင်က . . . လူ' ဆိုတဲ့ ဝတ္ထုထဲက 'မာဆိုး' လို့ပေါ့။ ကျုပ်က ရွာထဲမှာ မနေဘူး။ ရွာအပြင်က ဘိုးဘွားမိဘပိုင် ထန်းတောထဲမှာ နေတာဗျ။

'ထန်းတော' ဆိုလို့ ထန်းရည်ခါးရောင်းတဲ့ ထန်းတောလို့တော့ မထင်ပါနဲ့ဗျာ။





အဘနဲ့အစ်မ (အဖေနဲ့အမေ) မရှိတော့ကတည်းက ဒီထန်း ...ထဲမှာ ကျုပ် ထန်းလျက်ပဲ ချက်တာ။ ထန်းရည်ခါး မရောင်းဘူး။ ...ပ် ဘကြီးအရွယ်လောက်ရှိတဲ့ ထန်းရည်သမား ဦးတက်ခါးတို့ ...ရ ကျုပ်ကို ဆဲရေးတိုင်းထွာပြီး စိတ်ဆိုးခဲ့ကြသေးတယ်လေ။

ကျုပ်ကတော့ စိတ်မဆိုးပါဘူး။ သူတို့ကို သနားမိတယ်။ ...တို့ဆိုတာက ရှာနီးချုပ်စပ်က ထန်းရည်သမား၊ အရက်သမားတွေ ... ပြောတာပါ)။

ဘာဖြစ်လို့တုံးဆိုတော့ ထန်းရည်သမား၊ အရက်သမားတွေ ...ရင်ရော၊ မသေရင်ရော ဘယ်ရောက်တတ်တယ်၊ ဘာဖြစ်တတ် ...ဆိုတာ ကျုပ် သိလို့ပေါ့။ ဒါလည်း ကျုပ်ကိုယ်ပိုင်အသိတော့ ...တ်ပေါင်ဗျာ။

ရွာတိုင်း ရွာတိုင်းမှာ ရွာဦးကျောင်း ရှိတယ်မဟုတ်လား။ ...ရွာဦးကျောင်းက ကျောင်းထိုင်ဆရာတော် ဦးဝလာသက မိန့်ဖူး ...ယ်လေ။

ယမကာသမားတွေ သေရင် ငရဲကျမယ်။ ပြီးရင် ဝက်ရူး ...၊ ခွေးရူးဘဝ၊ လူရူးဘဝနဲ့ အကြိမ်ငါးရာစီလောက် ခံစားရတယ်။ ...သေခင်လည်း ရောဂါဘယထူပြောမယ်ဆိုတာမျိုး ဟောဖူးပြောဖူး ...ပဲ။

www.burmeseclassic.com



ဟောနေ၊ ပြောနေတုန်းတော့ နားထောင်ကြသာ။ နော

မလိုက်နာနိုင်ကြတာလေ။

ကျုပ်က ကိုယ်ပိုင်အသိ သိပ်ရှိတာမဟုတ်တော့ ဘု တရား၊ သံဃာ (ရတနာသုံးပါး) ရဲ့ အဆိုအဆုံးအမဆိုရင် ‘ငါ အတွက်၊ ငါတို့ကောင်းကျိုးအတွက် ပြောတာပဲလေ’ ဆိုတဲ့ သ စိတ် (ယုံကြည်စိတ်) နဲ့ ကြားဖူးနာဖူးသမျှကို လိုက်နာဖြစ်တာ

“အဲဒီမူးတတ် ရူးတတ်တဲ့ အရည်ကို သူ
ကောင်းတွေက ‘သေရည်’ လို့ ခေါ်တာကွ
‘သေရည်’လို့ ခေါ်ဝေါ်တာကိုတောင် သောက်နေ
တယ်ဆိုရင် အဲဒါ သေချင်လို့သောက်တာသာ ဖြ
ပေါ့”

အဲဒါ ဆရာတော်ရဲ့ အဆုံးအမလေဗျာ။ ကျုပ် မလိုက်န ဘယ်နေပါ့မလဲ။ (လမ်းဘေးက သူနိုးကြမ်းပိုးတစ်ယောက်ရဲ့ စ မဟုတ်ဘူးလေဗျာ)။

ကျုပ်ဘာသာ မသောက်မစားနေတာကို တချို့က မျက် ကျိုးကြပြန်သေးတယ်။

*





“နေပူ ပိုပြီးပြင်းလာတာ လူတွေကြောင့်လို့ ကိုကံကြီးမောင် ပြောတယ်ဆို။ ဟုတ်လား”

ဖလော်ဆော်ဖီဆိုတာကို စိတ်ဝင်စားတယ်ဆိုတဲ့ အုပ်စုထဲက မြင့်နိုင်က စိတ်ဝင်တစား မေးတော့ ကျုပ်က ခေါင်းညိတ်ပြလိုက်တယ်။ အဲဒီ ဖလော်ဆော်ဖီအုပ်စုထဲက မင်းသော်ဆိုတဲ့ကောင်က . . .,

“ဘယ်လိုတွေးမိလို့လဲဗျ”

“အိုဇုန်းလွှာဆိုတာကို မင်းသိတယ် မဟုတ်လား”

“ဟုတ်ကဲ့၊ သိတယ်”

“အဲဒီအလွှာကြီးက ကောင်းကင်ရဲ့ အထက်မှာ ရှိတာကွ။ အဲဒီအလွှာကြီးက ကမ္ဘာမြေပေါ်ကနေ ပြန်ထွက်လာတဲ့ အပူငွေ့ကို စုပ်ပေးတာကွ”

“အဲ နေလုံးကြီးဆီကလာတဲ့ အပူဒဏ်ကို ကမ္ဘာကြီးက ခံရတယ်။ ကမ္ဘာကြီးက ပြန်ထွက်လာတဲ့ အပူငွေ့ကို အိုဇုန်းလွှာကြီးက စုပ်ယူထိန်းသိမ်းပေးထားတယ်။ အခု အဲဒီ အိုဇုန်းလွှာကြီးက ကမ္ဘာ



www.burmeseclassic.com

www.burmeseclassic.com



အပူငွေ့ကို စုပ်ယူနိုင်စွမ်း လျော့သွားပြီကွ။ သူ မတာ
နိုင်တော့ဘူး။ အဲဒါကြောင့် နေက တိုက်ရိုက်လာ
အပူဒဏ်ကိုပါ ငါတို့ ခံကြရတာ။ ပိုပူလာတာ
ကွာ''

''အဲဒါနဲ့ လူတွေကြောင့်ဆိုတာနဲ့ ဘယ်
ဆက်စပ်နေတာလဲ ကိုကံကြီးမောင်''

''ကမ္ဘာက ပြန်ထွက်လာတဲ့ အပူငွေ့ကို စု
ယူပေးနေတဲ့ အိုဇုန်းလွှာရဲ့အရေကို တခြားအငွေ့
တွေ လာပိတ်နေလို့ကွ။ ဟို . . . ကာဗွန်ဒိုင်အောက်
ဆိုဒ်တို့ . . . ဘာတို့ပေါ့ကွာ။ လူတွေရဲ့ ထုတ်ကု
ပစ္စည်း၊ အဲ . . . စက်မှုထုတ်ကုန်ပစ္စည်းတွေရဲ့ အန
အငွေ့တွေပေါ့ကွာ။ အဲဒီအငွေ့တွေက ကာထားသလ
ဖြစ်သွားတော့ အိုဇုန်းလွှာက . . . ''ငါလည်း မတာ
နိုင်တော့ဘူး'' လို့ ပြောပြီး လက်မှိုင်ချရမလို ဖြစ်သွာ
တာပေါ့။ ကျောက်ခေတ်ကနေ သံခေတ်၊ ကြေးခေ
လောက်အထိ ဓားတွေ၊ လှံတွေ လုပ်နေကြကတည်
က မီးခိုးအငွေ့တွေ အိုဇုန်းလွှာဆီကို ပျံတက်သွာ
ကြတာ။ ဒီနေ့ကာလပါ ထည့်တွက်ကြည့်ရင် နည်





နည်းနောနော အငွေ့တွေမှ မဟုတ်တာ''

''ဟာ . . . အဲဒါဆို ဘယ်လိုလုပ်ကြမလဲ''

''လောဘ၊ ဒေါသတွေ လျှော့ရမယ်' . . . လို့ ကျုပ်က
ပြောလိုက်တယ်။

''ကိုကံကြီးမောင်ပြောတာ ကျွန်တော်တို့
လက်ခံတယ်ဗျ။ ဒါပေမဲ့ . . . ရွာထဲက လူတွေက
လက်မခံကြဘူး။ အင်း . . . ကျမ်းကိုးကျမ်းကားလေး
ရှိရင် ကောင်းမယ်နော်''

တက္ကသိုလ်ကျောင်းသားအုပ်စုထဲက ထူးတင့်မော်ဆိုတဲ့
ကောင်လေးရဲ့ ရှေ့တည့်တည့်ကို ကျုပ်က စာအုပ်တစ်အုပ်ကို 'ဘုတ်'
ခနဲ နေအောင် ချပေးလိုက်တယ်။ (ကျေးဖူးရှင် လယ်တီဆရာတော်
ဘုရားကြီး၏ 'နိုင်ငံတွင်း ပုဗ္ဗာအဖြေပေါင်းချုပ်' ဆိုတဲ့စာအုပ်ပါ)။

စာမျက်နှာတစ်ခုကို လှန်ခိုင်းလိုက်ပြီး ကျုပ်ဖတ်စေချင်တဲ့
စာကြောင်းကို လက်ညှိုးနဲ့ထောက်ပြီး ကိုယ်တိုင်ဖတ်ပြလိုက်တယ်။

''အကြင်အခါ ကမ္ဘာနေ လူအပေါင်းတို့၌
မကောင်းသောစိတ်သည် ပွားစီး၏။ ထိုအခါ ဗဟိဒ္ဓ
သန္တာန်၌ မြေ၊ ရေ၊ တော၊ တောင်၊ နေ၊ လ၊
နက္ခတ်၊ တာရာတို့မှ ဖြစ်ကုန်သော ဥတု၊ အာဟာရ



www.burmeseclassic.com

www.burmeseclassic.com



တို့သည် အဆီအနှစ် ကုန်ခန်းကြမ်းတမ်းကုန်၏
. . . တဲ့''

စာအုပ်ကို ပြန်ပိတ်လိုက်ပြီး ကျုပ်က . . .

''အဲဒီလောက်ပဲ ဖတ်၊ ဆက်မဖတ်နဲ့၊ ဆက်ဖတ်ရင် မင်းတို့ ကမ္ဘာကြီးကို သနားသွားလိမ့်မယ်။ အင်္ဂလိပ်လိုတွေ၊ အမေရိကန်လိုတွေ၊ ဂျာမဏီလိုတွေ၊ ပြင်သစ်လိုတွေ ရေးထားတဲ့ ကျမ်းကိုးကျမ်းကားတော့ ငါ့တဲပေါ်မှာ မရှိဘူး''

နောက်ထပ် တက္ကသိုလ်ကျောင်းသားတစ်ယောက်ဖြစ်တဲ့ ဇာနည်မျိုးက . . .

''ကျွန်တော်တို့ရှာ . . . အင်း . . . ကျွန်တော်တို့ တိုင်းပြည်တစ်ပြည်တည်း လောဘ၊ ဒေါသ လျော့လို့ မလုံလောက်ဘူး။ ကမ္ဘာ့နိုင်ငံအသီးသီးက လောဘဇောတွေ၊ ဒေါသစိတ်တွေ လျော့မှ ဖြစ်မယ်ထင်တယ်နော်''

''အေး . . . လူတွေရဲ့ လောဘ၊ ဒေါသကြောင့် နေ့အပူရှိန်ပိုပြင်းတာပါလို့ ငါ ပြောမိတာတောင် ရွာထဲကလူတွေ လက်မခံကြတာ၊ ဟိုး . . .





ရေခြားမြေခြားကလူတွေက ပိုပြီး ဒုံးဝေးတော့မှာပေါ့ကွ''

''နည်းနည်းတော့ လျော့နေကြပါတယ်'' တဲ့။ ထူးတင့်မော်က မျက်မှောင်ကြုတ်ပြီး ပြောတော့ ကျုပ်က . . .

''ဆင်ပါးစပ် နှမ်းပက်သလောက် လျော့ရုံတော့ ရမှာမဟုတ်ဘူး။ ဟိုးဘက် တချို့နိုင်ငံတွေက ဟိုအငွေ့တွေ လျော့မယ်၊ ဒီအငွေ့တွေ လျော့မယ် ပြောနေတယ်။ အဲဒါ ဆင်ပါးစပ် နှမ်းပက်တာပဲ။ တကယ်လျော့ရမှာက သူတို့ . . . သူတို့၊ ငါတို့ . . . ငါတို့ရဲ့ စိတ်ထဲက လောဘ၊ ဒေါသတွေကို လျော့ပစ်ရမှာကွ''

အားလုံး ခေါင်းကုတ်ကြတယ်။ ကျုပ်ကတော့ ခေါင်းမကုတ်ပါဘူး။ ကျုပ်က ခေါင်းတုံး တုံးထားတဲ့သူဆိုတော့ ခေါင်းပေါ်မှာ ကြေး (ချေး) သိပ်မတင်တတ်ဘူးလေ။

✳



www.burmeseclassic.com

www.burmeseclassic.com



ရွာထဲမှာ ငွေတိုးပေးစားတဲ့ ဦးညွှန့်နိုင်နဲ့ ဖလော်ဆော် အုပ်စု အချင်းများကြတယ်တဲ့။ တက္ကသိုလ်ကျောင်းသားအုပ်စုက ကျ ကို လာပြောကြတယ်။

ကျုပ် မသွားချင်တဲ့ ရွာထဲကို ကျုပ် သွားရပြန်တာပေါ့ ဆွဲလား၊ ရမ်းလား၊ ဟန့်တားလားလုပ်ပြီး ဖလော်ဆော် အုပ်စုကို ကျုပ် ရွာအပြင်ခေါ်ခဲ့ရတာပေါ့။

"ဟော့ကောင် ကံကြီးမောင် ... မင်း ကြောင်တောင်တောင်စကားလုံးတွေနဲ့ ဒီကောင်ရေ ကို မြှောက်ပေးမနေနဲ့"

ပြဿနာငြိမ်းသွားတာတောင် အဲဒီငွေတိုးပေးစားတဲ့ ဦးညွှ နိုင်က ရွာလူကြီးအားကိုးနဲ့ ကျုပ်ကိုပါ လှမ်းဟောက်ပါသေးရဲ့။

"ဟုတ်ကဲ့ပါ ခင်ဗျ"

ကျုပ်ကလည်း ကျုပ်အကျင့်အတိုင်း ရှိရှိကျိုးကျိုးလေး ပြန်ပြောခဲ့ပါတယ်ဗျာ။ (ကျုပ်က နေနဲ့ တည့်တည့်တိုးရလောက်အောင် မမိုက်ရဲဘူးကိုး)။

*





ဖလော်ဆော်ဖီအုပ်စုရော တက္ကသိုလ်ကျောင်းသားအုပ်စုရော ကျုပ်တဲထဲမှာ။

ပြဿနာစဖြစ်ရတဲ့သူ၊ မင်းမြင့်နိုင်ကို ကျုပ်က ...

"မင်းက ဘာသွားပြောလို့ ဖြစ်ကြတာတုံး"

"ခင်ဗျား ငွေတိုးပေးစားလို့ ကျုပ်တို့ ကမ္ဘာကြီး အပူရှိန်မြင့်ရတာလို့ ကျွန်တော် သွားပြောတာ ဗျ"

ကျုပ်ရော တခြားကောင်တွေရော ရယ်မိကြပါရဲ့။ အရယ် ရပ်ပြီးမှ ...

"မင်း တော်တော်မှားတဲ့ကောင်ပဲ။ အဲဒီ ဦးညွှန့်နိုင်ကို ရွာလူကြီးဦးဘမြင့်တောင် ကင်းနိုင်လို့ လား၊ မင်းမိဘရော ကင်းနိုင်လို့လား၊ ငါတောင် မိသားစုမရှိလို့ ကင်းနိုင်တာနော်"

"ဒါဆို ကျွန်တော်တို့က မှန်တာ မပြောရ တော့ဘူးလား"

"ကိုယ့်ထက် အဖက်ဖက်က အရှိန်အဝါ သာ နေတဲ့သူကို အလောတကြီး ဝေဖန်တိုက်ခိုက်တာဟာ



www.burmeseclassic.com

www.burmeseclassic.com



မွန်းတည့်နေပြင်းပြင်းကြီးကို ဘာအကာအရံမှ မပါ မော့ကြည့်နေသလိုပဲကွ။ မင်းတစ်ကိုယ်လုံး ပူလော တဲ့အပြင် မင်းမျက်လုံးတွေတောင် ကန်းသွား တယ်''

ထူးတင့်မော်က ...

''အဲဒီလူကြီး လောဘကြီးတာတော့ အ ပဲဗျ''

''သူတစ်ပါး လောဘကြီးတယ်ဆိုရင် မင်း က ပညာဉာဏ်ကြီးအောင် နေပေါ့ကွ။ မနေ နေအပူရှိန်အကြောင်းကို ငါတို့ ပြောကြဆိုကြတ မဟုတ်လား''

''ဟုတ်ကဲ့''

''အေး ... ဆိုင်တယ်၊ မဆိုင်တယ်တေ မင်းတို့ဉာဏ်နဲ့ပဲ သုံးသပ်၊ ငါ နေလုံးကြီးအကြောင် ပြောချင်တယ်''

''ပြောပါ ကိုကံကြီးမောင် ... ကျွန်တော် ဓာတ်ပေါက်ပါတယ်''

''နေလုံးကြီးက ကမ္ဘာနဲ့ မိုင်သန်းပေါင်း





စွာဝေးတယ်။ အဲဒီလောက် ဝေးတာတောင် ဒီလောက် ပူနေရင် သူ့အနား သွားကပ်ရင် ဝေရက်တောင်ကြီးတောင် အရည်ပျော်သွားမယ်။ အဲ ... ကမ္ဘာကြီးတောင် အရည်ပျော်သွားမယ်။ ဒီလောက် ပူတဲ့ 'နေ' ဆိုပြီး နေလုံးကြီးကို သွားဖယ်ပစ်ဖို့ဆိုတာ လုံးဝ၊ လုံးဝ၊ လုံးဝ မဖြစ်နိုင်တဲ့ကိစ္စ။ တကယ် ပူပြင်းလွန်းနေချိန်ဆို မော့ကြည့်လို့တောင် မရပါဘူးကွာ၊ ဒါပေမဲ့ နေပူပြင်းထဲ သွားရလာရမယ့်ကိစ္စ ရှိနေပြန်တော့ နေပူပြင်းထဲ ထွက်ကြရတာပဲ မဟုတ်လား''

''အင်း ဟုတ်တယ်''

''ထီး၊ ဦးထုပ်၊ ခေါင်းဆောင်းသုံး။ မြို့သားတွေဆို နေကာမျက်မှန်တပ်။ မြို့သူတွေဆို လိုးရှင်းလိမ်း။ ငါတို့ရွာသူတွေဆို သနပ်ခါးထူထူလိမ်း၊ အဝတ်အထည် ပါးပါးလျားလျားကို လုံလုံခြုံခြုံ လွှမ်းကြရတယ်လေ။ နေလုံးကြီးကို ပူလွန်းလို့ဆိုပြီး ဘယ်သူမှ သွားဖယ်ပစ်ဖို့ စိတ်မကူးပေါင်ကွာ။ ကိုယ့်အကာအကွယ်နဲ့ကိုယ် နေဒဏ်ကို ကာကြကွယ်ကြ



www.burmeseclassic.com

www.burmeseclassic.com



ရတာပဲ။

နေပူထဲ ထွက်စရာမလိုသူတွေကျတော့ အရိပ်ထဲ အေးအေးဆေးဆေးပေါ့။ ဒါတောင် ယပ်ကလေး တခတ်ခတ်၊ ပန်ကာလေး တချောက်ချောက်၊ အဲယားကွန်းလေး တဂျိဂျိလောက်တော့ အရိပ်ထဲလည်း လုပ်နေကြရတာပါပဲ။ နေပူဒဏ်ကို ကိုယ့်နည်းကိုယ့်ဟန်၊ ကိုယ့်အခြေအနေနဲ့ကိုယ် ကာတယ်၊ ကွယ်တယ်၊ ရှောင်တယ်၊ ကွင်းတယ်။ နေလုံးကြီးကို ရွှေ့ပစ်ရအောင်ဆိုပြီး နေလုံးကြီးနား ဘယ်သူမှ မသွားကြပါဘူး။ သတ်ိကြီးတဲ့သူဆို မော့တောင် မကြည့်ပါဘူး။

မင်းနဲ့ ပြဿနာဖြစ်တဲ့ ဦးညွန့်နိုင်ကို အဲဒီ နေလုံးကြီးလို့ သဘောထား။ အင်း . . . ဦးညွန့်နိုင်လို လူမျိုးတိုင်းပေါ့ကွာ။ မော့လည်း မကြည့်နဲ့။ အနားလည်း မသွားနဲ့။ တည့်တည့်လည်း မတိုးနဲ့။ အုတ်နံရံကို ခေါင်းနဲ့ ပြေးဆောင့်တာကမှ ဒုန်းခနဲ အုန်းခနဲ မြည်ဦးမယ်။ နေနဲ့ တည့်တည့်တိုးမိလို့ကတော့ ရှဲခနဲဆိုတဲ့ အသံတောင် မြည်မှာမဟုတ်ဘူး။ တစ်





ကိုယ်လုံး အရည်ပျော်သွားမယ်''

''အရှုံးပေးခိုင်းနေတာလား . . . ကိုကံကြီးမောင်''

''အရှုံးပေးနိုင်ရင်တော့ အကောင်းဆုံးပေါ့ကွာ။ အရှုံးမပေးချင်ပါဘူးဆိုရင်လည်း အသုံးတော့ချတတ်ရတာပေါ့။ နေကို ပူတယ်ချည်းပဲ အပြစ်မတင်ဘဲ 'ဩော် . . . လျှပ်စစ်အား, လောင်စာအား မသုံးရဘဲ အလင်းရောင်ပေးတဲ့ အလုံးကြီးပါလား'' . . . လို့ တွေးပြီး လိုသလို အသုံးချပေါ့ကွ''

''ဦးညွန့်နိုင်လို လောဘကြီးတဲ့သူကို ဘယ်လို အသုံးချရမှာလဲ''

''ဦးလေးမှ မကူညီရင် ရွာဦးစေတီ ထုံးသက်န်းတောင် ကပ်နိုင်တာ မဟုတ်ဘူး။ ဦးလေးမှ မ, မတည်ရင် ရွာက စာကြည့်တိုက်လေး စာအုပ်စုံမှာ မဟုတ်ဘူး။ ဦးလေးမှ မကူညီရင် ကျွန်တော်တို့ တစ်ရွာလုံး ဘယ်အဆင်ပြေမှာတုံးဗျာ။ ဘာ . . . ညာ . . . အဲလိုပြောရမှာပေါ့။ အခု မင်းက 'ခင်ဗျား ငွေတိုးပေးစားလို့ ကမ္ဘာကြီး အပူရှိန်ပြင်းရတာ'' . . . လို့



www.burmeseclassic.com

www.burmeseclassic.com



သွားပြောတော့ မျက်လုံးကန်းနေတဲ့သူကို နားပင်းနေတယ်လို့ နှိမ်လိုက်သလို ဖြစ်တာပေါ့ကွ"

မင်းမြင့်နိုင်က ...,

"အဲဒီလူကြီးကို ကပ်ဖို့ ဖားဖို့ ပြောနေတာလား"

"ဉာဏ်ရှိတဲ့သူက ဘယ်လိုလူမျိုးကိုမှ မဖားဘူး။ ရန်သူကိုတောင် သူနဲ့သင့်တဲ့နေရာမှာ အသုံးချတယ်ကွ။ 'အဲဒီလူ လောဘကြီးလွန်းတယ်။ သတ်ပစ်လိုက်ကြကွာ' ဆိုတာနဲ့ သူ့လောဘကို သုံးလိုချင်တဲ့ တခြားမက်မောမှုနဲ့ လဲချင်စိတ်ပေါက်အောင် လုပ်ရတာ ဘယ်ဟာ အကုသိုလ်နည်းလဲ"

အားလုံး ခေါင်းညိတ်ကြတယ်။ ပြီးတာနဲ့ ကျုပ်က ...

"ညကျရင် ဆရာတော်ကို ပင့်ပြီး ဆရာတော်ရှေ့မှာ ဦးညွန့်နိုင်ကို မင်း သွားတောင်းပန်"

"ဘယ်လိုပြောပြီး တောင်းပန်ရမှာလဲ"

"ကိုကံကြီးမောင် ပြောပြောနေတဲ့ ဖလော်ဆော်ဖီတွေကြောင့် ကျွန်တော် ပြောမိ မိုက်မိတာပါလို့ ပြောလိုက်ပေါ့ကွာ"





"ဟာ ... အဲဒါဆို ကိုကံကြီးမောင်ကို မုန်းသွားမှာပေါ့"

ကျုပ်က အသံထွက်အောင်ရယ်ပြီး ...

"ဟား ... ဟား ... ဘယ်သူ ဘယ်လောက်မုန်းမုန်း၊ သူတို့ထက်အရင် ငါက ငါ့ကိုယ်ငါ မုန်းနေတာ ကြာပါပြီကွာ"

သူတို့အားလုံး အဲဒီစကားကို နားလည်ကြပုံ မရဘူး။ နောက်ာလည်း တဖြည်းဖြည်း နားလည်သွားမှာပေါ့ဗျာ။

"နေနဲ့ တည့်တည့်တိုးမိတဲ့သူက မီးတိုင်ကို ဝင်ဝင်တိုးတဲ့ ပိုးဖလံတွေလိုပဲကွ။ မီးတိုင်အောက်မှာ ပိုးဖလံတွေ ထောင်ပုံရာပုံ မပုံစေနဲ့ကွာ"

"xxx ။ xxx ။ xxx ... xxx ။ xxx ။ xxx ...။ xxx ... xxx ...။ xxx ။ ... xxx .."

2010- Apr 7

2:45 (p.m)

[၂၀၁၀ ဇူလိုင်လ Perfect မဂ္ဂဇင်း]



www.burmeseclassic.com

www.burmeseclassic.com

# အဝေးရောက်...ဆောင်း

www.burmeseclassic.com

www.burmeseclassic.com

[၀]

နွေလို၊ ပူပြင်းလွန်းခဲ့တဲ့ . . . ငါ့ဘဝ။ မိုးပြိုက်ပြိုက်ရွာတာတောင်၊ ဗွက်ထ,ခဲ့ရတဲ့ . . . ငါ့ဘဝ။ တမ်းတ,စရာ၊ ဆောင်းလ,ရာသီပဲ၊ ရှိပါတော့တယ် . . . ဆောင်း။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

[၁]

“ဆောင်းက . . . , မိဘဆီက၊ ယူခဲ့တာတွေ များခဲ့တယ်။ မောင့်ကို၊ ဆောင်း . . . ၊ သိပ်ချစ်ေ မယ့်၊ မိဘ,ကို၊ စုံကန့်ကျောခိုင်းဖို့ သိပ်ခက်နေတယ် . . . မောင်။

မိဘရဲ့, ဂရုစိုက် နွေးထွေးမှုအောက်မှာ၊ ဘွဲ့ ထူးဂုဏ်ထူးတွေ . . . ရအောင်၊ ယူနိုင်ခဲ့တဲ့အပြင် မိဘ,ထက် ပိုပြီး ချစ်ရမယ့် . . . သူ၊ ရှိလိမ့်မယ် . . . လို့တောင်၊ ဘယ်တုန်းက,မှ၊ ဆောင်း မထင်ခဲ့ ဖူးဘူး။

အခု . . . , မောင့်ကို၊ ဆောင်း . . . သိပ်ချစ်





နေမိတယ်။ မောင် . . . မုန်းသွားမှာလည်း၊ စိုးတယ်၊ မိဘ,ကို၊ ဆန့်ကျင်တဲ့မျိုးလည်း၊ မလုပ်ရဲဘူး။ မလုပ် ရက်ဘူး။

မောင်နဲ့ ဝေးနေရတာကို တွေးမိတိုင်း၊ ဆောင်း . . . ငိုနေရတယ် . . . မောင်။ ဒါပေမဲ့ . . . , မောင်ရယ် . . . ။ မိဘထက်၊ ပိုချစ်နေရတဲ့သူ၊ ဆောင်းဘဝ,မှာ၊ ရှိနေပြီဆိုတာ၊ မိဘတွေကို၊ အသိ မပေးရက်ဘူး။

ဆောင်း . . . ၊ သတ္တိ မရှိဘူး . . . မောင်။ သတ္တိနည်းလျက်နဲ့၊ မောင့်ကို၊ အရမ်းချစ်နေရတဲ့ သူပါ”

ဘယ်တုန်းက,မှ၊ မချစ်ဖူးခဲ့သူနဲ့၊ အချစ်ဒဏ်, အမုန်းဒဏ်၊ သောက,ဒဏ်၊ လောက,ဒဏ်တွေကို၊ ခံယူကြေမွပြီးခါမှ၊ သိပ်ချစ် မိခဲ့တဲ့၊ ငါ့လိုလူ။

အဲဒီ့ ချစ်တဲ့သူ နှစ်ယောက်၊ ဆုံစည်းဖို့ သိပ်,ခက်နေရပါ တယ် . . . ဆောင်း။

တစ်နယ်စီ ဝေးနေရတဲ့အပြင်၊ နိုးဖို့ အခြေအနေဆိုတာက, လည်း၊ မရေမရာ။ ခံစားကြေကွဲရတာသာ၊ အဖတ်တင်တော့မှာပါ



www.burmeseclassic.com

www.burmeseclassic.com



. . . ဆောင်း။ ဒါပေမဲ့လေ . . .၊ ဆောင်းရေ . . .

"ကျွန်တော်၊ တစ်ခါက, ပြောဖူးသလိုပဲ ရထားတစ်စီးပေါ်ကို၊ နှစ်ယောက်အတူ တက်လိုက် ပြီ . . . ဆိုတာနဲ့၊ မူလ, ဘူတာကို၊ စွန့်ခွာရတာ ဓမ္မတာပါ။

ရှောက်သီးစားမိပါလျှက်၊ စပ်မှာ ကြောက် ရင်၊ ဒါ . . ., ရှောက်သီးကို၊ နဂိုကတည်းက၊ စား မစားသင့်ဘူး။ ကျွန်တော် . . . ဆောင်းကို၊ အပြ တင်နေတာ၊ မဟုတ်ပါဘူး။ သဘာဝ,ကျကျ ပြော တာပါ။

ဘဝ . . . ဆိုတဲ့ လှေပေါ်မှာ၊ အချစ်ကို တင် ဆောင်ထားရတာ၊ သိပ် လေးလံနေရင်၊ လွှတ် လိုက်ပါ . . . ဆောင်း။ ကျွန်တော် ဖြစ်စေချင်တာက ဘဝက . . . လှေဆိုရင်၊ အချစ်က, ရွက်တိုင်လေး ဖြစ်နေစေချင်တာ။

အခု . . ., ဆောင်း ဘဝမှာ၊ လေးလံနေ ပြီ။ ကျွန်တော် . . . ဆောင်းကို၊ သိပ်ချစ်ပါတယ် ဆုံစည်းခွင့် တောင်းဆိုနေရတာလည်း၊ အားနာ





တယ်"

"မောင် မုန်းသွားရင်၊ ဆောင်း . . . သေလိမ့် မယ်။ မောင့်ကို၊ ဆောင်း၊ တစ်သက်လုံး ချစ်မှာ"

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

[၂]

ဆောင်း၊ ရောက်နေတဲ့ ဒေသ,က၊ ဖွဲကပင်တောင်ကြီးနဲ့ သံလွင်မြစ်လိုပါပဲ။ တို့နှစ်ယောက်က၊ မြင်နေ တွေ့နေပါလျက်၊ ဆုံ စည်းခွင့်မရ။ ဒါ ... ထာဝရ ဝဋ်ကြွေးများလား ... ဆောင်း။

မေမေ ဆုရင်၊ ငါ့ဆီ ပြေးခဲ့ ... လို့၊ ငယ်ငယ်က, ကစား ရင်း၊ အော်ဟစ်ခဲ့သလိုမျိုး ဆောင်းကို၊ ငါ ..., အော်မခေါ်ရက်ဘူး မိဘ,ကို ငဲ့ညှာ သနားနေတာ၊ မခွဲခွာရက်တာ၊ အပြစ်တင်စရာမှ မဟုတ်တာ။ နော် ... ဆောင်း။

"ပြည်တန်ပတ္တမြားကြီး၊ လည်မှာ ဆွဲထားမှ အားလုံးက၊ လှလိုက်တာ, ကောင်းလိုက်တာ, တန်ဖိုး ရှိလိုက်တာ ... ဆိုတဲ့၊ ချီးမွမ်းစကားမျိုးကို၊ လူတိုင်း





ကြားချင်တာပေါ့။

ဘာတန်ဖိုးမှ မရှိတဲ့၊ ကျောက်စရစ်ခဲ၊ လည် မှာဆွဲထားတာကို၊ ဝိုင်းဝန်းကဲ့ရဲ့ကြရင်တောင်၊ အဲဒီ တန်ဖိုးမရှိတဲ့ ကျောက်စရစ်ခဲလေးကိုမှ၊ ကျွန်မ,က တန်ဖိုးထားပြီး၊ ချစ်နေတာပါ ... လို့၊ ပြောရဲတဲ့ သူရှိရင် ...၊

ကမ္ဘာလောက,မှာ၊ တကယ့် ချစ်ခြင်း ... ဆိုတာ၊ သေချာပေါက် ရှိနေတယ် ... လို့၊ ကျွန် တော် ကြေညာလိုက်ချင်ပါတယ်။

တကယ်ချစ်ရင်၊ စွန့်လွှတ်ရစမြဲပါ ..., ဆောင်း။ လူ့ဆိုတာ အတွေးအခေါ် အဆင့်အတန်း မြင့်တဲ့ သတ္တဝါပါ။ လိုအပ်ရင် ... ကိုယ့်ကိုယ်ကိုယ် တောင်၊ ဉာဏ်နဲ့ စွန့်ခွာဝံ့တဲ့အထိ၊ ပညာရဲရင့်ကြရ တာပါ ... ဆောင်း။

ကျွန်တော်က၊-ကိုယ့်ကိုယ်ကိုယ်၊ သိပ်ချစ်ခဲ့ တဲ့သူပါ။ ကိုယ့်ကိုယ်ကိုယ်၊ သိပ်ချစ်တဲ့ စိတ်နဲ့၊ အရာရာကို၊ စွန့်ခွာပြီး ဘဝကို၊ ထွန်းကားအောင် ဖြတ်သန်းခဲ့တဲ့သူပါ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကိုယ်၊ သိပ်ချစ်ခဲ့တဲ့သူက ... အခု ... ဆောင်းကို၊ အရမ်းချစ်နေရတယ် ...ဆ တာ။ ကိုယ့်ကိုယ်ကိုယ် ချစ်တဲ့စိတ်ကို၊ စွန့်လွှတ်ပြီး အသေအချာ ဆုံးဖြတ်ခဲ့တာပါ ... ဆောင်း။

ကိုယ့်ကိုယ်ကိုယ် စွန့်ခွာပြီးမှ၊ ဆောင်းကို ကျွန်တော် ချစ်တာပါ။

နှစ်ယောက် ကြင်ကြင်နာနာ နေရရုံ၊ ဆုံစည်းရုံ တစ်ခုတည်းနဲ့၊ ချစ်တယ် ...လို့ ပြောခဲ့တာ မဟုတ်ပါဘူး။ နောက်ဆုံးထွက်သက်ရဲ့၊ မိနစ်ပိုင်း အလိုအထိ၊ ဆောင်းရဲ့ ဆံပျားက,နေ ခြေဖျားအဆုံး ဉာဏ်ပညာ, နှလုံးသား, ... အစိတ်အပိုင်း,အားလုံး တစ်ကိုယ်လုံးကို၊ စောင့်ရှောက်ပေးမ, သွားချင်တာ ပါ။

အဖော်ရှာချင်ရုံ တစ်ခုတည်းနဲ့ ချစ်ခဲ့တာ မဟုတ်ပါဘူး ... ဆောင်း။ ကိုယ့်ကိုယ်ကိုယ် စောင့် ရှောက်တာထက်၊ ပိုပြီး ... ဆောင်းကို စောင့်ရှောက် မြတ်နိုးချင်တာပါ ... ဆောင်း။

ဒါပေမဲ့ ... ဆောင်းရဲ့ လေးပင်နေတဲ့ ဝ





ထုပ်ဝန်ပိုးကို၊ သံယောဇဉ် အားကိုးနဲ့၊ တကယ် ချစ်ရင်၊ ငါ့ဆီလာခဲ့ ...လို့ ကျွန်တော် အနိုင်မကျင့်ရက်ပါဘူး။

သံယောဇဉ်ကို၊ အားကိုးရမှာ ... အားနာပါတယ် ... ဆောင်း'

''မောင်က၊ ဆောင်းချစ်တာထက်၊ ပိုပြီး ချစ်တယ် ... ဆိုတာ၊ ဆောင်း ...,မြင်ပါတယ် ... မောင်။

မောင့်ထက်ပို၊ မချစ်ဘူး ...လို့၊ မောင်, ထင်ချင် ထင်ပါ။ မောင် ... မုန်းသွားရင်တော့ ...၊ ဆောင်း ... သေမှာ၊ အမှန်ပဲ မောင်။

သေသွားခဲ့ရင်တောင်၊ ဆောင်း ..., မောင့်ကို၊ မုန်းပြီး သေမှာ မဟုတ်ဘူး။ တမ်းတ,ပြီး၊ သေရမှာ။

သတ္တိနည်းတဲ့ ချစ်သူကို၊ နားလည် ခွင့်လွှတ်ပြီး၊ ဆက်ချစ်နေပေးပါ ... မောင်''

''မငိုပါနဲ့ ... ဆောင်း။ ကျွန်တော် နားလည်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းရှိနေတဲ့ နေရာကို၊ ကျွန်တော် လာ နှစ်ယောက်အတူ ဆုံတွေ့၊ ကြည်နူး၊ ပြီးရင် . . . ဆောင်းက . . . အိမ်ပြန်၊ ကျွန်တော်က, အိမ်ပြန်၊

ခဏခဏ ဆုံတွေ့ပြီး တစ်စတစ်စ, တိုး တွယ်လာမယ့် သံယောဇဉ်အခြေအနေကို၊ လျစ်လျူ ရှုထားကြရဲလောက်အောင်၊ ကျွန်တော်တို့နှစ်ယောက် စလုံးက၊ စက်ရုပ်တွေ မဟုတ်ဘူး . . . ဆောင်း။

ချစ်သူဘဝ,ကနေ၊ ရှေ့မတိုးသာ . . . နောက် မဆုတ်သာ၊ ဆိုတာ။ မိန်းမသားအတွက်၊ လူမှုဗေဒ မှာ၊ ထိခိုက်နစ်နာနိုင်တယ် . . . ဆောင်း။

အဲဒီ နစ်နာမှုကို၊ မငဲ့ဘဲ၊ မိဘ,ကို ငဲ့နေတာ ကိုက၊ ဆောင်းရဲ့ အခက်အခဲဆိုတာ၊ ကျွန်တော် နားလည်ပါတယ်။

အဲဒီ နားလည်နေတာကိုက၊ ကျွန်တော် ဘာ မှ၊ မတောင်းဆိုချင်တော့တာပါ။ သိပ်ချစ်နေရုံနဲ့ အရာရာပြီးပြည့်စုံပြီ . . . လို့၊ ထင်နေတတ်တာ တကယ့် အမှန်တရား မဟုတ်ဘူး . . . ဆောင်း''

''မောင် . . .၊ စိတ်ဆိုးနေမှာစိုးလို့ ဖုန်းဆက် တာ။ မေမေနဲ့ ဖေဖေ၊ အပြင်သွားတုန်းဆက်တာ။

မောင် နေကောင်းရဲ့လား။ ဆောင်း အရမ်း ချစ်တယ် . . . နော် . . . မောင်။

အဆောင်ပြန့်တဲ့နေ့ကျမှ၊ ဖုန်း အကြာကြီး ပြောမယ်နော်။ ဆောင်း . . . အိမ်မှာ၊ အရုပ်တစ်ရုပ် လို၊ ဖြစ်နေတာ၊ မေမေ သတိထားမိတယ်။ နေမ ကောင်းဘူးလား . . . တဲ့။

ဆောင်း . . . ဘာမှ၊ ပြန်မဖြေမိလိုက်ဘူး။ စာကျက်နေသလိုပဲ၊ နေပြလိုက်တယ်။ ဆောင်း စိတ်ညစ်တယ် . . . မောင်ရယ်။

တနင်္လာနေ့ကျရင်၊ ဖုန်း အကြာကြီး ပြော မယ်နော်''

* * *







www.burmeseclassic.com

www.burmeseclassic.com

[၇]

ငါက ...၊ လူတစ်မျိုး။

"ဆောင်း"ကို၊ ငါ ... သိပ်ချစ်တာကို၊ "ဆောင်း" တစ်ယောက်တည်း၊ သိထားဖို့ပဲ၊ လိုတယ် ... လို့ သတ်မှတ်ထားတဲ့သူ။

ကျွန်တော် "ဆောင်း"ကို အရမ်းချစ်ပါတယ် ခင်ဗျာ ... လို့ ဘယ်သူ့ကိုမှ၊ တိုင်တည်မယ့်သူ မဟုတ်ဘူး။ (လိုအပ်လို့ ကြေညာရမယ် ... ဆိုရင်တော့၊ စကြဝဠာတိုက်တစ်သောင်းလုံး ကြားအောင်၊ သိအောင်၊ ဟစ်ကြွေး ကြေညာချင်တာပေါ့)။

ချစ်သူကို ချစ်တာ၊ မြတ်နိုးတာ၊ တန်ဖိုးထားတာ၊ ချစ်သူ သိရင်၊ တော်ပြီ။ ကျေနပ်ပြီ။ ပြည့်စုံပြီ။

လိုအပ်လို့၊ ဒူးထောက်ရ စတမ်းဆိုရင်တောင်၊ လူထောင်





ပေါင်းများစွာ သက်သေထားပြီး၊ ချစ်သူရဲ့ ရှေ့မှောက်မှာသာ၊ ဒူးထောက်ချင်တဲ့သူပါ။ ချစ်သူနဲ့ ဆုံစည်းရဖို့၊ ကံကြမ္မာကိုလည်း၊ ဒူးမထောက်ဘူး။ ဝန်းကျင် အသိုင်းအဝိုင်းကိုလည်း၊ ဒူးမထောက်ဘူး။

ချစ်သူ ရှေ့မှောက်၊ ဒူးထောက်တာက၊ လွဲရင်၊ ကျန်အရာအားလုံး၊ ငါ့ရဲ့ နောက်ကျောဘက်မှာ၊ ထားထားတယ်။ ဒါကိုလည်း ...၊ ဆောင်း သိလိမ့်မယ် ထင်ပါတယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## [၄]

''မေတ္တာမြတ်နိုးမှုနဲ့ အခြေခံထားတဲ့ ချစ်ခြင်းကို ...၊ ဘယ်အရာက,မှ ဖြိုခွင်းလို့ မရဘူး ...ဆောင်း။

တကယ်ချစ်ခဲ့တဲ့သူတွေ မှန်ရင်၊ ကွေကွင်းတယ်, ပြိုကွဲတယ် ...ဆိုတာ။ နှစ်ဦးစလုံး နစ်နာကြရတဲ့ ကိစ္စ။

မိန်းကလေးမို့ ပိုနစ်နာတယ် ..., ယောကျ်ားလေးမို့ သိပ်,မနစ်နာဘူးဆိုတာ၊ မရှိဘူး။

ကျွန်တော် တစ်ခါက၊ ပြောဖူးပါတယ်။ နှစ်ယောက်အတူ သယ်ပိုးထားတဲ့၊ ရေအိုးတစ်လုံး။ ကွ





ကွဲတာ။

နှစ်ယောက်စလုံး နစ်နာကြရတာပါ။ ဝဲ့,ဘက်အခြမ်းက ... ပိုကြေမွသွားတယ်။ သူ့,ဘက်အခြမ်းက ... သိပ်မထိခိုက်ဘူး ... လို့ မသတ်မှတ်သင့်ဘူး။

ကွေကွင်းတယ်, ပြိုကွဲတယ် ...ဆိုတာ၊ တကယ်ချစ်ခဲ့တဲ့သူ နှစ်ယောက်စလုံး၊ အတူတကွ နစ်နာကြရတဲ့ကိစ္စပဲ။

စကားနှုပ်ပြီး ပြောရရင်၊ ငရုတ်သီးစားတာ၊ မိန်းကလေးစားလည်း စပ်တယ်။ ယောကျ်ားလေးစားလည်း စပ်တာပါပဲ၊ မိန်းမသားမို့ ပိုစပ်ရတဲ့ ငရုတ်သီး၊ မရှိပါဘူး။

ဆောင်းနဲ့ကျွန်တော် ကွေကွင်းကြရင်း အဲဒါ ..., ကျွန်တော့် ခန္ဓာကိုယ်၊ နှစ်ခြမ်းကွဲသွားတာနဲ့၊ အတူတူပဲ။

အဲဒါကြောင့်၊ ကျွန်တော့်ကို တကယ်ချစ်ပါ။ ကျွန်တော်က,လည်း ...၊ တကယ်သိပ်ချစ်ပါတယ်။ တကယ်ချစ်တဲ့ အချစ်ကို၊ ဘယ်စနစ်က,မှ မဖြိုခွင်း



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဘူး။ နော် . . . ဆောင်း''

''ဆောင်း . . .။ သတ္တိမွေးပါ့မယ် မောင်။ မောင်သာ၊ ဆောင်းကို၊ အစွမ်းကုန် နားလည်ပေးပါ။

အိမ်မှာ . . . ဟိုနား, ဒီနား သွားတာတောင်၊ ဖေဖေက, အခုအချိန်အထိ၊ လိုက်ပို့နေတုန်းလေ။

ကျောင်းကိုစ္စရှိလို့ တစ်နယ်တစ်ကျေးမှာ လာနေရပေမယ့်၊ အိမ်ပြန်ရင်၊ ကားဂိတ်မှာ . . . ဖေဖေ လာစောင့်ပေးနေတုန်း။

ကိုယ့်တာသာ၊ တစ်ခုခု ဆောင်ရွက်ဖို့ စကား စ,ကြည့်ရင်တောင်၊ သိပ်ထူးဆန်းတဲ့ကိစ္စ . . . လို့ ထင်သွားတတ်ကြတာ။ ဆောင်း . . . မလှုပ်ရဲဘူး . . . မောင်။

ဟိုးတုန်းက၊ ကျောင်းပြီးလို့ အိမ်ပြန်ရင်၊ ဆောင်း သိပ်ပျော်တာပဲ။ အခု . . . အိမ်ပြန်ရတဲ့ အခါ တိုင်း။ မောင်နဲ့ ဝေး . . .,ဝေး . . .,နေရလို့ ဆောင်း မပျော်တော့ဘူး . . . မောင်။

အလုပ်အကိုင်ကိုတောင်၊ မိသားစုရှိတဲ့ မြို့မှာ ထမ်းဆောင်ရဖို့ စီစဉ်ခဲ့မိတာ။ အခု . . . မောင်ရှိတဲ့





မြို့မှာပဲ၊ အလုပ်,လုပ်ချင်တော့တယ်။

ဆောင်းကို သတ္တိမွေးမြူနိုင်ပေးပါ . . . မောင် ရယ် . . .။ နော် . . .''

''မိဘ,ကို စုံကန်ရဲတဲ့၊ သတ္တိလောက်တော့၊ မမွေးပါနဲ့ . . . ဆောင်း။

ဘဝကို၊ ရင်ဆိုင်ရဲတဲ့ သတ္တိမျိုးသာ၊ မွေးစေ ချင်တာပါ။

ဘဝလမ်းကို၊ ကိုယ်က . . . ဘယ်လောက်ပဲ ဖြောင့်ဖြောင့်၊ သွားချင်သွားချင်၊ တွေ့ကို တွေ့ရမယ့် အခြေအနေမျိုးမှာ . . .၊ တွေ့ရဲတဲ့သတ္တိမျိုး၊ ရှိစေ ချင်တယ်။

ကားမောင်းသလိုပေါ့။ တွေ့ရမယ့်လမ်း တွေ့ နေပါလျက်နဲ့ မောင်းနေကျအတိုင်း။ တဖြောင့်တည်း မောင်းကြည့်ပါလား။ အဲဒီ တဖြောင့်တည်းရဲ့၊ တည့် တည့်မှာ . . . ချောက်ကမ်းပါးကြီး ရှိနေရင်၊ ကိုယ် ကျိုးနည်းသွားမှာပေါ့။

ဖြောင့်ဖြောင့်သွားရမယ့် အခြေအနေမျိုးမှာ လည်း။ ဘယ်သူ တားတား။ ဖြောင့်ဖြောင့်ပဲသွားရဲ



www.burmeseclassic.com

www.burmeseclassic.com



ရမယ်။ အဲဒီ့ သတ္တိမျိုးပဲ လိုအပ်ပါတယ် . . ဆောင်း

မကြွေကြွင်းချင်ဘူး ဆောင်းရယ်။ ဘယ်လိုမှ . . .''

''ဆောင်လည်း၊ အတူတူပါပဲ မောင်ရယ်''

''တချို့ ပညာရှင်တွေက၊ ပြောတယ်။ အိမ်ထောင်ပြုတယ် . . . ဆိုတာ၊ ယောက်ျားတွေအတွက် တစ်စိတ်တစ်ပိုင်း . . . တဲ့။ မိန်းမသားတွေအတွက်က၊ တစ်ဘဝစာ . . . တဲ့။

ဘယ်သူတွေက,တော့၊ မှန်တယ် ထင်မယ် မပြောတတ်ဘူး။ ကျွန်တော့်အနေနဲ့က,တော့၊ အဲဒီ . . . မှားတယ်။

ယောက်ျားတွေအတွက်၊ အိမ်ထောင်ပြုခြင်းဟာ၊ ဘဝရဲ့ တစ်စိတ်တစ်ပိုင်းဆိုရင်၊ အဲဒီ့ယောက်ျားရဲ့ ရင်ထဲက၊ အဲဒီ့မိန်းမသားအပေါ် တစ်စိတ်တစ်ပိုင်းပဲ၊ တန်ဖိုးထားလို့ ဖြစ်လိမ့်မယ်။

အကယ်၍ တစ်ဘဝစာ၊ တန်ဖိုးထားတယ်ဆိုရင်၊ အဲဒီ့ အိမ်ထောင်ပြုခြင်းဟာ၊ အဲဒီ့ ယောက်ျားသားအတွက်၊ ဘဝရဲ့ . . . အလုံးစုံပဲ ဖြစ်လိမ့်မယ်။





ကျွန်တော် ဆောင်းကို၊ ချစ်တာ . . . တစ်ဘဝ,စာပါ . . . ဆောင်း။ လက်ထပ်မယ့်အခါလည်း၊ တစ်ဘဝစာ . . . အလုံးစုံ ပုံအပ်တဲ့အချစ်နဲ့ လက်ထပ်မှာပါ . . . ဆောင်း။

ဆောင်းက,လည်း၊ ကျွန်တော့်ကို အများကြီးချစ်ဖို့၊ မလိုပါဘူး။ တစ်ဘဝ,စာလောက်ပဲ၊ ချစ်ပါ . . . ဆောင်း''

''မောင်ရယ် . . .။ ချစ်တယ် . . . လို့ ပြောခဲ့တာ၊ အဲဒါ . . ., ဆောင်းရဲ့ တစ်ဘဝ,စာပါ။

မိန်းကလေးလည်း၊ ဖြစ်ပြန်၊ မောင့်လို . . . ရှင်းအောင်, လင်းအောင်၊ မပြောတတ်ပြန်ဆိုတော့၊ ချစ်တယ် . . . လို့၊ တိုးတိုးလေး၊ ပြောပြောနေရတဲ့ ဆောင်းရဲ့ စကားသံက၊ မောင့်တစ်ဘဝ,စာလုံးကို၊ မပြည့်ဟိန်းလောက်အောင်၊ တိုးလွန်နေတာ ဖြစ်မယ်။

နားလည်မှုနဲ့ နားထောင်ကြည့်ပါ . . . မောင်ရယ်။ မောင့်ကို၊ ဆောင်း . . . သိပ်ချစ်ပါတယ်''

''ဝေးနေတဲ့ အချိန်တိုင်းမှာ၊ ကျေးဇူး

www.burmeseclassic.com



ကုသိုလ်ပြုတိုင်း၊ တစ်ယောက်ကိုတစ်ယောက် ရည်စူးကြရအောင်နော် … ဆောင်း။

ဒါနတူ၊ သီလတူ၊ ဘာဝနာတူ၊ သဒ္ဓါတူရင် မကွေကွင်းဘူး … တဲ့။

ပြီးတော့ … ရဟန်းသံဃာကို ဆေးဝါးလှူ ဒါန်းရင်၊ ချစ်သူနဲ့ ကွေကွင်းခြင်း ဒုက္ခက၊ ကင်းဝေး နိုင်တယ် … တဲ့။

ဘာ မျှော်ကိုးမှုမှ မထားဘဲ၊ အဲဒီကောင်းမှု ကုသိုလ်တွေကို အတူတူရှိနေတဲ့အခါ … အတူတူ ဝေးကွာနေရင် … ပြိုင်တူ၊ လုပ်ကြရအောင်နော်"

"စိတ်ချပါ … မောင်။ မနီးစပ်သေးဘူးဆို တာ၊ နီးစပ်ရမယ့် … ကံအရာ … မသာသေးလို့ နေမှာပါ။

ကံ အဟောင်းကြောင့်၊ ကံ မကောင်းကြရ တာ၊ ဆိုရင်တောင်၊ ကံ အသစ်တွေကို၊ ဉာဏ်နဲ့ ဆင်ခြင်ပြီး ဖြည့်ဆည်းကြတာပေါ့။

ဘုရား ရှိခိုးတိုင်းလည်း … မေတ္တာပို့ပေးပါဦး … မောင်"





"မေတ္တာ အဟုန်ဟာ၊ နေရာတိုင်းကို၊ လွှမ်း ခြုံနိုင်ပါတယ် … ဆောင်း။ မောင် … မေတ္တာပို့ ပါ့မယ်။

ချစ်သူနဲ့ ကွေကွင်းခြင်းဘေးက၊ ကင်းဝေး ပါစေ … လို့လည်း၊ မောင် … ဆုတောင်းပါ့မယ်။

ဆောင်းအနေနဲ့က,တော့၊ လှေပေါ်တက်ရင်း လှိုင်းမကြောက်ဖို့ သတ္တိမျိုးသာ၊ ကြိုးစားမွေးမြူပေး ထားပါ"

"စိတ်ချပါ … မောင်"

* * *



www.burmeseclassic.com

www.burmeseclassic.com

[၂]

နွေလို ပူပြင်းလွှန်းခဲ့တဲ့ . . . ငါ့ဘဝ။ မိုးပြိုက်ပြိုက် ရွာ...
တောင်၊ ဖွက်ထ,ခဲ့ရတဲ့ . . . ငါ့ဘဝ။ တမ်းတ,စရာ ဆောင်း...
ရာသီပဲ ရှိပါတော့တယ် . . . ဆောင်း။

"ကျွန်တော့်ဘဝမှာ၊ အဖော်မွန် . . . ...
ပါရမီဖြည့်ဘက်တို့ မလိုပါဘူး . . . ဆောင်း။
ကိုယ့်ကိုယ်ကိုယ်ထက်၊ ပိုချစ်ရမယ့်သူ ...
ယောက်ပဲ၊ လိုတာပါ။ ကျွန်တော် . . . ဆောင်း...
ကိုယ့်ကိုယ်ကိုယ်ထက်၊ ပို . . . သိပ် . . . ချစ်...
. . . ဆောင်း"

❊ ❊ ❊



[၀]

နွေ,နွေ . . . မိုး,မိုး . . . ဆောင်း,ဆောင်း
ရာသီတွေ . . . ဘယ်လို ပြောင်းပြောင်း
အချိန်နာရီတွေ . . . ဘယ်လို နှောင်းနှောင်း
(ဝေးနေကြရပေမယ့်)
ရင်ထဲမှာတော့ . . . ၊ ထာဝရ . . . ဆောင်း . . . ။ ။

2010-July-29
2:25 (a.m)
[၂၀၁၀ အောက်တိုဘာ Perfect မဂ္ဂဇင်း]

❊ ❊ ❊

လေးစားခင်မင်လျက် ...
မောင်လှမျိုး(ချင်းချောင်းခြံ)
mhm.ccc@gmail.com



www.burmeseclassic.com